

၂၁ရာစုမှာ လှုပ်ရှား ရုန်းကန်မည့် မြန်မာလူငယ်တိုင်း
ဖတ်သင့်သည့် စာအုပ်တစ်အုပ်
A 21st
CENTURY
BURMESE
GUY
WIN KO KO AUNG
PJW
(ဒုတိယအကြိမ်)

# ၂၁ ရာစု လူငယ်တစ်ယောက်

ဝင်းကိုကိုအောင်

## မာတိကာ

- **စာရေးသူအမှာ** ၁၁
၁။ **ကျွန်တော်တို့ဘဝအကြောင်း ပြောကြတဲ့အခါ** ၁၃
- ကြိုးစားတိုင်း ဖြစ်နိုင်လို့လား? ၁၅
- ဘာကြောင့် ဘဝမှာ
  အရေးကြီးတာကို ဦးစားပေးသင့်သလဲ? ၁၉
- Passion ကို ဘယ်လိုရှာမလဲ ၂၃
- လိုင်းကြောင်တာ ကောင်းတယ် ထင်လား? ၂၅
- ကျွန်တော်သာ အသက် ၂၀ မပြည့်သေးရင်… ၂၇
- SWOT ရေးဆွဲနည်း ၃၁
- SWOT လက်တွေ့အသုံးချ ၃၅

- ကျွန်တော် ၁၀၀ ဖိုး ၃ ပုဒ် Motivation တွေရောက သားကောင် ဖြစ်ခဲ့တယ် ၃၈
- ကျွန်တော် ဘာတွေ ရှုံးခဲ့လဲ ၄၁
- Project Win အမေးအဖြေ - ၁ ၄၄

၂။ လူမှုရေးအကောင်းပါးဖို့ ၄၇
- ဒီကောင်အရင်က ဘာမှ မဟုတ်ပါဘူး ၄၉
- ကိုယ့်ကိုယ်ကို ယုံကြည်မှု မရှိသူတွေ ဖြစ်တတ်တဲ့အချက် ၅၁
- သင့်ခံစားချက်တွေကို ဘယ်သူက ထိန်းချုပ်နေလဲ ၅၃
- လူတော်လား လူကောင်းလား ၅၅
- စိတ်မြန်သင့်သလား စိတ်ရှည်သင့်သလား ၅၇
- Copy ၅၉
- ဂရုစိုက်မနေနဲ့ ၆၁
- မင်း Suicide မလုပ်သင့်ဘူး ၆၃
- Project Win အမေးအဖြေ - ၂ ၆၆

၃၈
၄၁
၄၄
၄၇
၄၉
၅၁
၅၃
၅၅
၅၇
၅၉
၆၁
၆၃
၆၆

၃။ ပညာရေးကို ကျွန်တော် ဒီလိုမြင်တယ် ၇၁
- ဂိမ်းဆိုင်မှ အမေရိကန်သို့ ၇၃
- ၁၀ တန်း ၇၅
- အောင်မြင်ချင်လို့ ကျောင်းထွက်ကြည့်မလား? ၇၇
- စာကြိုးစားသင့်ရဲ့လား?
or စာကြိုးစားဖို့လိုလို့လား? ၇၉
- စာမေးပွဲမဖြေခင် ဘာတွေလုပ်သင့်လဲ? ၈၁
- ကျောင်းပြီးသွားတဲ့နောက် ၈၆
- MBAတက်သင့်သလား ၈၈
- ဘာတွေကို လေ့လာရမလဲ ၉၁
- ကျွန်တော်ပြည်ပမှာ ဘာလို့ ကျောင်းတက်ချင်လဲ ၉၃
- အင်္ဂလိပ်စာကို နေးတစ်စပီကာလိုဖြစ်အောင်
ဘယ်လိုလုပ်ရမလဲ ၉၅
- Scholarship လျှောက်တော့မယ်ဆိုရင် ၉၇
- Project Win အမေးအဖြေ - ၃ ၁၀၁

၄။ ငွေရေးကြေးရေးအတွက်
ဒီနည်းလမ်းလေးတွေရှိမယ် ၁၀၉
- ကျွန်တော် ဘာကြောင့် YBS စီးတာလဲ ၁၁၁
- မမွဲအောင် ဘယ်လိုလုပ်မလဲ? ၁၁၃
- သူများအချိန်ကို ဘာကြောင့် မဖြုန်းသင့်လဲ? ၁၁၇
- ပိုက်ဆံလား? သူငယ်ချင်းလား? ၁၁၉
- Project Win အမေးအဖြေ - ၄ ၁၂၂

၅။ Relationship အကြောင်းပြောရမယ်ဆိုရင် ၁၂၇
- အသည်းကွဲတာကို ဘယ်လို ကုစားမလဲ? ၁၂၉
- ကျွန်တော် မိန်းကလေးတွေကို
တဖြည်းဖြည်း စိတ်မဝင်စားတော့ဘူး ၁၃၂
- Relationship တစ်ခုမှာ ဘာအရေးကြီးဆုံးလဲ ၁၃၇

၆။ သဘာဝပတ်ဝန်းကျင်ကို
ဘယ်အချိန်ထိ မျက်နှာလွှဲနေဦးမှာလဲ ၁၃၉
- နောင်လာမယ့် ၂၀၅၀ ၁၄၁

၅။ အိုင်တီ ၁၄၅

- Internet ပေါ်က အဆိပ် ၁၄၇
- Facebook ကနေ ဘယ်လိုအခွင့်အလမ်းတွေ ရှာမလဲ ၁၄၉
- ဘယ်သူတွေ စာအုပ်တွေကိုမဖတ်ဘဲ ဝယ်ပြီးသိမ်းထားလဲ? ၁၅၁
- သင် ဘာကြောင့် အလုပ်ပြုတ်နိုင်လဲ ၁၅၄
- လူကြီးမိဘတွေကို နည်းပညာနဲ့ပတ်သက်ပြီး ကူညီဖူးလား ၁၅၇
- Project Win အမေးအဖြေ - ၅ ၁၅၉

# စာရေးသူအမှာ

ကျွန်တော် စာအုပ်ရေးဖို့ကို အစီအစဉ် မရှိခဲ့ပါဘူး။ ဘာလို့လဲဆိုတော့ ကျွန်တော် စာရေးဖို့အတွက်ကို အများကြီး အားမထုတ် နိုင်ခဲ့လို့ပါ။ ပြီးတော့ ကျွန်တော်က နည်းပညာ သမားဖြစ်တဲ့အတွက် ကျွန်တော် ပြောချင်တာတွေ၊ အိုင်ဒီယာ တွေ၊ ဆွေးနွေး အကြံပြုလိုတာတွေကို ဗီဒီယိုနဲ့ပဲ ဖန်တီးတင်ပြ ဖြစ်တာ များပါတယ်။

ဒါပေမဲ့ ကျွန်တော့်ဘဝရဲ့ မှတ်တိုင်တစ်ခုအနေနဲ့ စာအုပ်ထုတ်ချင်ခဲ့ပါတယ်။ ဒါကြောင့် ကြိုးစားပြီး စာစုတွေ ရေးဖြစ်တယ်။ ဒါပေမဲ့ ဟိုလုပ်ညှိ ဒီလုပ်ညှိနဲ့ အချိန်တွေကုန်ခဲ့ တာက တစ်နှစ်လောက် ကြာသွားပါတယ်။ ဒီစာအုပ်ဖြစ်မြောက် ဖို့အတွက် ပူးပေါင်းကူညီပေးတဲ့ ကိုထိုက်ကိုကိုအောင် နဲ့ မမြတ်မွှန်နံ့သာကိုလည်း ကျေးဇူးတင်ပါတယ်။

ဒီ စာအုပ်ကို ဖတ်တဲ့လူငယ်တွေအတွက် အကျိုးတစ်ခု ရှိသွားဖို့ မျှော်လင့်ပါတယ်။ တကယ်လို့များ ကျွန်တော့်ကို

အရင်တုန်းက တစ်ယောက်ယောက်သာ သူ ကြုံတွေ့ခဲ့ရတဲ့ ဘဝအတွေ့အကြုံတွေကို မျှဝေပြီး ပြောပြခဲ့တာတာမျိုး ရှိခဲ့မယ်ဆိုရင် အရမ်းကောင်းမှာပဲလို့ တွေးခဲ့ဖူးတာ ရှိတဲ့အတွက် ကျွန်တော်လည်း ကျွန်တော် တကယ်ကြုံတွေ့ခဲ့ရတဲ့ အတွေ့အကြုံတွေကို ပြန်လည်မျှဝေလိုက်ပါတယ်။

ဒီ စာအုပ်မှာတော့ အဓိကအားဖြင့် ခေတ်လူငယ်တွေအတွက် ၂၁ ရာစုမှာ ရှင်သန်ဖို့လိုအပ်တဲ့ အကြောင်းတွေ ထည့်ရေးထားပါတယ်။ အင်္ဂလိပ်စာ၊ အင်တာနက်၊ သဘာဝ ပတ်ဝန်းကျင်၊ စီးပွားရေးနဲ့ ခေတ်သစ်အတွေးအမြင် စသည်ဖြင့် ပါဝင်တာမို့ လူငယ်တွေအတွက် အတွေးသစ်အမြင်အသစ်တွေ ရရှိနိုင်လိမ့်မယ်ဆိုတာ ယုံကြည်ပါတယ်။

ကျွန်တော့်ရဲ့ Project Win Vlog ကိုလည်း ဆက်ပြီး အားပေးဖို့ တောင်းဆိုပါတယ်။ ကျွန်တော့်ကို မသိသေးတဲ့ တချို့ စာဖတ်သူတွေကလည်း ကျွန်တော့်ကို Project Win Vlog အနေနဲ့ Facebook မှာ ရှာတွေ့နိုင်ပြီး ဆွေးနွေးမေးမြန်းလိုတာမျိုး ရှိရင်လည်း လာရောက်ဆွေးနွေးဖို့ ဖိတ်ခေါ်လိုက်ပါတယ်။

❒

# (၁)
# ကျွန်တော်တို့ဘဝအကြောင်း ပြောကြတဲ့အခါ

# ကြိုးစားတိုင်း ဖြစ်နိုင်လို့လား

တချို့ ဆရာကြီးတွေပြောတာ ကြားဖူးတယ်။ ကြိုးစားရင် ဘာမဆို ဖြစ်နိုင်တယ်၊ အောင်မြင်အောင် လုပ်ရမယ်။ ဘာသာရေးအရ ဆိုရင်လည်း ကြိုးစားရင် ဘုရားတောင် ဖြစ်နိုင်တယ်လို့ ပြောကြတယ်။

အမှန်တရားဆိုတာ နည်းနည်းတော့ ခါးတယ်ဗျ။ ငယ်ငယ်တုန်းကလည်း ကျွန်တော်ကိုယ်တိုင် အောင်မြင်ရေး စာအုပ်တွေ ဖတ်ပြီး ဖြစ်ကို ဖြစ်ရမယ် ဆိုပြီး လုပ်ခဲ့ဖူးတယ်။ ကျွန်တော် နားလည်လာတာကတော့ ကြိုးစားတိုင်း မဖြစ်နိုင်ဘူး။ ဘာလို့လဲဆိုတော့ ကျွန်တော်တို့ဘဝမှာ အခြေအနေ၊ အချိန်အခါနဲ့ ကန့်သတ်ချက်တွေ ရှိနေလို့ပဲ။

ဥပမာ ပြောရမယ်ဆိုရင် အလုပ်ကြိုးစားတိုင်းသာ အောင်မြင်မယ်ဆိုရင် ကာယအားပြုတဲ့ အလုပ်သမားတွေက

အချမ်းသာဆုံး ဖြစ်နေမှာပဲ။ ကျွန်တော့်ကို ပြောနိုင်တယ် သူတို့ မကြိုးစားလို့ မအောင်မြင်တာပေါ့ ဘာညာပေါ့။

ဒါပေမဲ့ သချာတာက သူတို့က သူတို့ဘဝနဲ့ သူတို့တော့ အကောင်း ဆုံး ကြိုးစားနေတယ်။ သူတို့မှာ အကြောင်း အမျိုးမျိုးကြောင့် ပညာရေးဆိုင်ရာ အခက်အခဲတွေ ရှိခဲ့မယ်။ လက်ရှိကာလမှာလည်း ထောက်ပံ့နေရတဲ့ မိသားစုတွေရှိမယ်။ ဒါကို ဘယ်သူတွေ သိနိုင်မှာလဲ?

ဥပမာအနေနဲ့ တစ်ခုပြောရမယ်ဆိုရင်ဗျာ နိုင်ငံတကာ ခရီးသွားဖို့ ဆိုရင်တောင် ကျွန်တော်တို့က မြန်မာ passport ကိုင်ထားလို့ အကန့်အသတ် ရှိတယ်။ မြန်မာ passport က ကမ္ဘာပေါ်မှာ အာဏာရှိမှုထဲမှာဆို နောက်ဆုံးက ပါတယ်။ စိတ်တော့မကောင်းဘူး။ ကျွန်တော်တို့ Visa လျှောက်ရတယ်၊ ကမ္ဘာအနှံ့ကို ပိုက်ဆံရှိလို့ ခရီးသွားမယ်ဆိုရင်တောင် မြန်မာ passport ရဲ့ Power ကြောင့် သွားဖို့ အရမ်းခက်တယ်။

ကျွန်တော့် အကြောင်းပြောမယ်ဆိုရင် ကျွန်တော့်တာဝက်ကောင်းတယ်။ အရမ်းချမ်းသာတဲ့ မိသားစုက မွေးလာတာ မဟုတ်သလို အရမ်းဆင်းရဲတဲ့ မိသားစုက မွေးလာတာ

မဟုတ်ဘူး။ ကျွန်တော့် အမေက ကျွန်တော့်ကို အစိုးရတက္ကသိုလ် ပညာရေး သင်နိုင်တဲ့ အခြေအနေထိ ထောက်ပံ့ပေးခဲ့တယ်။

ကျွန်တော် ဘဝအကြောင်း သိလာတဲ့အခါမှာ အလုပ်တွေ လုပ်တယ်၊ နိုင်ငံတကာလေ့လာဖို့ Scholarship တွေ ကြိုးစားခဲ့တယ်။ ကျွန်တော် ကြိုးစားတာတွေ အောင်မြင်ခဲ့တယ်။ ဒီလိုလုပ်ခဲ့လို့ ကျွန်တော် မွေးဖွားလာတဲ့ ဘဝအခြေအနေနဲ့ မဖြစ်နိုင်ဘူးလို့ ထင်ခဲ့ရတဲ့အရာတွေကို ရခဲ့တယ်။ ကျွန်တော့်အတွက် ဒီအတွေ့အကြုံတွေက ကမ္ဘာကြီးဖြစ်ပေမယ့် ကျွန်တော့်ထက် အထောက်အပံ့ကောင်းသူတွေ ဆိုရင်တော့ ဒါက ဘာမှမဟုတ်ဘူး ရယ်စရာကြီးပေါ့။

ကျွန်တော်ဆိုလိုချင်တာက ကျွန်တော်တို့ဘဝတွေမှာ ကန့်သတ်ချက်တွေ ရှိတယ်။ မြန်မာနိုင်ငံကနေ အာကာသခရီး သွားဖို့အတွက် ဒုံးပျံလွှတ်မယ့် အစီအစဉ်လုပ်ရင် ဖြစ်မှာ မဟုတ်ဘူး အဲ့လိုမျိုးပေါ့။ ဒါကို လက်ခံနိုင်ရမယ်။ ဒါပေမဲ့ ကျွန်တော်တို့ ကြိုးစားလို့ ရနိုင်တာက လက်ရှိဖြစ်နေတဲ့ ဘဝထက် နောက်ထပ်တစ်ဆင့်မြင့်အောင် ကြိုးစားလို့ရတယ်။ အဲ့ဒီအတွက်လည်း လက်တွေ့ကျတဲ့ အကြောင်းတွေလိုတယ်။

အဲကွန်းခန်းထဲကနေ ထိုင်ပြီးဖြစ်ဖြစ်၊ မိဘပိုက်ဆံနဲ့ပဲ ဖြစ်ဖြစ်၊ သူတို့ဘဝ ဘယ်လောက်ခက်ခက်ခဲခဲ ရုန်းကန်ရကြောင်းကို ညာပြီး ပြောနေတဲ့ လူတွေထက် လူငယ်တွေကို လက်တွေ့အသုံးချနိုင်တဲ့ အတွေးအခေါ် အကြောင်းအရာမျိုးတွေ မျှဝေတဲ့လူတွေ များများလိုနေတယ်လို့ မြင်တယ်။ အဲ့ဒီအတွက်ကြောင့်ပဲ ကျွန်တော် Project Win ကို လုပ်ဖြစ်နေတယ်။

ထပ်ပြောရမယ်ဆိုရင် ကြိုးစားတိုင်း မဖြစ်နိုင်ဘူး၊ ဒါပေမဲ့ မကြိုးစားရင်တော့လည်း ဘာမှ ဖြစ်မှာမဟုတ်ဘူး။ ကျွန်တော့်ရဲ့ စာဖတ်သူရော ဘယ်လိုထင်လဲ?

## ဘာကြောင့် ဘဝမှာ အရေးကြီးတာကို ဦးစားပေးသင့်လဲ?

ကျွန်တော် ငယ်ငယ်တုန်းက ကျောင်းသွားရင်ဖြစ်ဖြစ် ကျူရှင်သွားရင်ဖြစ်ဖြစ် ကျောပိုးအိတ် လွယ်ပြီးသွားတယ်။ အဲ့ဒီ ကျောပိုးအိတ်ထဲမှာ များသောအားဖြင့် ဖတ်စာအုပ်ပါမယ်၊ စာရေးကိရိယာ၊ ဗလာစာအုပ်နဲ့ ကျောက်ကျောပေတံလည်း ပါတယ်။

ဒါပေမဲ့ဗျာ သိတဲ့အတိုင်း ဖတ်စာအုပ်ကြီးတွေက အလေးကြီးတွေ။ ကလေးတစ်ယောက်ဖြစ်တဲ့ ကျွန်တော်အနေနဲ့ နေ့တိုင်းသယ်ဖို့ အရမ်းခက်တယ်။ အဲ့ဒါကြောင့် တနင်္လာနေ့ ကနေ ကြာသပတေးနေ့ဆိုရင် ဖတ်စာအုပ်အများကြီးနဲ့ ကျောင်းစားပွဲခုံအောက်မှာ ထားခဲ့တယ်။ အဲ့ဒါဆိုရင် ကျောပိုး

ထိတ်ကပေါ့သွားပြီ။ ကျောင်းသွားတဲ့ အချိန်၊ ကျောင်းပြန်တဲ့ အချိန် ကျွန်တော်က ပေါ့ပေါ့ပါးပါးပဲ။ သောကြာနေ့မှ ဖတ်စာအုပ်တွေ ပြန်ယူတယ်။ တစ်ခါတလေလည်း ဖတ်စာအုပ်တွေကို ပလတ်စတစ်အိတ်နဲ့ထုပ်ပြီး အိမ်ပြန်သယ် သွားတယ်။

အခု အသက်တဖြည်းဖြည်း ကြီးလာတယ်။ ၂၀ - ၂၅ ပြီးတော့ ကျွန်တော် ၂၆ နှစ် အကျော်ကို ရောက်လာခဲ့ပြီ။ ဒီ ကျောင်းသားဘဝတုန်းက အတွေ့ကြုံလေးက ကျွန်တော့်ရဲ့ ဘဝမှာ တစ်ခုခုကို ပြန် သုံးသပ်မိခဲ့တယ်။ အဲ့ဒါကတော့ မလိုတာတွေကို လွှတ်ချလိုက်ဖို့ပဲ။

၂၆ နှစ်ဆိုတဲ့အရွယ်က လက်တွေ့မှာတော့ ကျွန်တော် လွန်ခဲ့တဲ့ ၁၀ နှစ် ဆယ်တန်းအောင်ကာလ၊ လွန်ခဲ့တဲ့ ၅ နှစ် ဘွဲ့ရခါစ အချိန်ကာလတုန်းက စိတ်ကူးယဉ်ခဲ့တာနဲ့တခြားစီပဲ။ ဒါကလည်း ကျွန်တော့် အိပ်မက်တွေ မဖြစ်ခဲ့လို့ မဟုတ်ဘူး။ အိပ်မက်တွေ ဖြစ်ခဲ့သလို လုပ်စရာတွေလည်း အများကြီး ပိုလာတယ်။ လူမှုရေး၊ စီးပွားရေး၊ စဉ်းစားစရာတွေ များလာတယ်။ အရင်တုန်းကဆို ပုံမှန်အားဖြင့် ကျောင်း၊ သူငယ်ချင်း၊ မိသားစု ဒါတွေပဲ ရှိခဲ့တယ်။ အခုကျတော့ နောက် ၅ နှစ်နေရင် ဘာဖြစ်ရမယ်၊ အမေ့ကို စိတ်ချမ်းသာအောင်

ဘယ်လိုထားမလဲ? ဝင်ငွေ ပိုဝင်အောင် ဘယ်လိုလုပ်ရမလဲ? Video တွေ ပိုကောင်းအောင် ဘယ်လို လုပ်ရမလဲ? MBA အပြီး လုပ်ရဦးမယ်၊ ရည်းစားထားသင့် မထားသင့်? ဘော်ဒါတွေနဲ့ ဘာစု လုပ်မလဲ? စ တာတွေ စဉ်းစားလာရတယ်။

အဲ့ဒီတော့ ပြန်ပြီးတော့ ပြောရရင် ဒီအချက်တွေအားလုံးက စောစောက ပြောခဲ့သလို အသက် ၂၆ နှစ် လူတစ်ယောက်ရဲ့ ဘဝဆိုတဲ့ ကျောပိုးအိတ်ထဲမှာ ရောက်လာပြီး ဒီကျောပိုးအိတ်က တဖြည်းဖြည်း လေးလာတယ်။ ကျွန်တော် ဒီအလေးတွေနဲ့အတူ အရှေ့ကို ဆက်ရမှာ ပင်ပန်းလာတယ်။ အဲ့ဒီတော့ ကျွန်တော် အကောင်းဆုံး စဉ်းစားလိုက်တာက ငယ်ငယ်တုန်းကလိုပဲ မလိုတဲ့ စာအုပ်တွေကို ကျောင်းက စားပွဲခုံအောက်မှာ ထားခဲ့သလို ဒီနေ့ကစပြီး ကျွန်တော့်ရဲ့ နောက် ၆ လ ရည်မှန်းချက်ကို အထောက်အကူ ဖြစ်နိုင်တာဆိုရင် ကျွန်တော် လုပ်မယ်၊ မဟုတ်ဘူးဆိုရင်တော့ အဲ့ဒီအကြောင်းကို ဘဝဆိုတဲ့ ကျောပိုးအိတ်ကြီးထဲက ထုတ်ထားမယ်။

ကျွန်တော် သေချာယုံကြည်လာတာက ဘဝမှာ အာရုံစိုက်ဖို့အရာတွေ နည်းလာလေလေ ဒါတွေကို focus ထားဖို့ အကောင်အထည်ဖော်နိုင်ဖို့ ရာခိုင်နှုန်းများလာလေပဲ။ တကယ်

လို့ ဒီစာဖတ်နေတဲ့ ကျွန်တော့်ရဲ့စာဖတ်သူလည်း ဘဝမှာ နှောင့်နှေးနေတယ် ခံစားရရင် ငယ်ငယ်တုန်းက ကျောပိုးအိတ်လေးကို သတိရကြည့်ပါ။ ဒါဆို ဘဝမှာ ကိုယ့်အတွက် အရေးကြီးတာတွေကို အရင်လုပ်လာနိုင်လိမ့်မယ်။

# Passion ကို ဘယ်လိုရှာမလဲ

ကျွန်တော့် Passion ကို ကျွန်တော် ဘယ်လို ရှာခဲ့လဲ ဆိုတော့ ကျွန်တော် စိတ်ဝင်စားတဲ့အရာ မှန်သမျှကို လုပ်ပါ တယ်။ ဒါပေမဲ့ လုပ်ရင်းနဲ့မှ အဲ့ဒီအလုပ်မှာ ကျွန်တော် talent မပါဘူးဆိုရင် ဆက်မလုပ်တော့ဘူး။ ဒါမှမဟုတ် ကျွန်တော် တကယ်ကို စိတ်မဝင်စားဘူးဆိုရင် ဆက်မလုပ်တော့ဘူး။ အဲ့လိုနည်းနဲ့ မလိုတဲ့အရာတွေကို ဘဝထဲကနေ ထုတ်လာရင်းနဲ့ သိလာခဲ့တဲ့ passion တစ်ခုရှိတယ်။ အဲ့ဒါဘာလဲဆိုတော့ ကျွန်တော်အသစ်အဆန်းတစ်ခုခုကို အမြဲတမ်းလုပ်ချင်နေတယ်။

ကျွန်တော့်သူငယ်ချင်းကတော့ သူ့အတွက် Passion ဆိုတာက ပိုက်ဆံမရရင်တောင်မှ ပျော်ပြီး လုပ်နေတဲ့အလုပ် ပါတဲ့။ နောက်သူငယ်ချင်း တစ်ယောက်က Passion နဲ့ပတ်

သက်ပြီး အကြံပေးတာကတော့ ကျောင်းတက်နေတဲ့အချိန်မှာ ကျွန်တော်တို့တွေဟာ အချိန်ပေါတယ်၊ သူငယ်ချင်း အပေါင်းအသင်းလည်း ပိုစုံတယ်။ ဒါကြောင့် ကျောင်းသားဘဝမှာတည်းက အစုံလုပ်ကြည့်ကြဖို့ သူက တိုက်တွန်းထားတယ်။

သူဥပမာပေးတာကတော့ ကိုယ်က game ဆော့ရတာကို ကြိုက်တယ် ဆိုပေမယ့် ခရီးသွားတာပဲဖြစ်ဖြစ်၊ ကျောင်းက Activity တွေမှာ ပါတာမျိုးပဲ ဖြစ်ဖြစ်၊ သူငယ်ချင်းတွေလုပ်လို့ လိုက်လုပ်ကြည့်တာပဲဖြစ်ဖြစ် တစ်ခုခုကို လုပ်ကြည့်လိုက်ပါတဲ့။ ဒါမှလည်း ကိုယ်က Game ဆော့တဲ့နေရာမှာ Passion ရှိတယ်လို့ ကိုယ့်ကိုယ်ကိုယ်ထင်ရပေမယ့် ကိုယ့်ကို ပိုပြီး ပျော်ရွှင်စေမယ့် အရာတွေကို ထပ်ပြီးတော့ သိနိုင်ပါသေးတယ်လို့ ပြောပြခဲ့ပါတယ်။

ဆိုလိုတာကတော့ ကျွန်တော့်ရဲ့ စာဖတ်သူတွေလည်း ကိုယ့်ရဲ့Passion ကိုယ်တိုင်သိဖို့ လိုအပ်တယ်။ ဘာဖြစ်လို့လဲ ဆိုတော့ လူတိုင်းက မတူညီတဲ့ နောက်ခံနဲ့ မတူညီတဲ့ စိတ်ဝင်စားမှုတွေ ရှိနေလို့ပါပဲ။ ပိုပြီးတော့ အရေးကြီးတာက ကိုယ့်ရဲ့ Passion ကို အမှန်တကယ် အကောင်အထည်ဖော်နိုင်ဖို့ပဲ ဖြစ်ပါတယ်။

# လိုင်းကြောင်တာ ကောင်းတယ်ထင်လား?

လိုင်းကြောင်တာ မပြောခင် ဒါကို အရင် အဓိပ္ပာယ်ဖွင့်ချင်တယ်။ လိုင်းကြောင်တယ်ဆိုတာ ကိစ္စတစ်ခုခုကို သေသေချာချာ ဖြစ်မြောက်အောင် မလုပ်ဘဲနဲ့ ဟိုစပ်စပ် ဒီစပ်စပ်နဲ့ လျှောက်လုပ်နေတာမျိုးကို မြင်တယ်။ နောက်တစ်မျိုးပြောရရင် နေရာတကာမှာ လိုက်ယောင်နေတာမျိုးပေါ့။

ကျွန်တော့်ဘဝမှာ မတူညီတဲ့ နယ်ပယ်တွေ တော်တော်များများကို ဖြတ်သန်းခဲ့တယ်။ နည်းပညာ၊ ပညာရေး၊ စီးပွားရေး အကြောင်းတွေ အခုတော့ Video Blogging လုပ်နေတယ်။ ကျွန်တော် မတူညီတဲ့ နယ်ပယ်တွေကို ဖြတ်သန်းပေမယ့် ဟိုစပ်စပ် ဒီစပ်စပ် မလုပ်ခဲ့ဘူး။ လိုင်းကြောင်တာနဲ့ မတူညီတဲ့ နယ်ပယ် အပြောင်းအလဲကြားမှာ commitment ဆိုတဲ့

တွန်းအားတစ်ခု လိုတယ်။ ဒါကြောင့် သေချာမလုပ်ရင် လိုင်းကြောင်တယ်လို့ ခေါ်မယ်။

ကျွန်တော် ဒီ Video Blog ကိုလည်း တသက်လုံးလုပ်သွားမှာ မဟုတ်ဘူး။ အခု PJW Vlog ကို လုပ်လာခဲ့တာ ၁ နှစ်ရှိပြီ။ နောက်ထပ် ၁ နှစ် (သို့) ၂ နှစ်လောက် ဆက်လုပ်မယ်။ အဲ့ဒါပြီးရင် ကျွန်တော် အသစ်တစ်ခုကို ပြောင်းဖို့ စဉ်းစားမယ်။ အဲ့ဒါကတော့ အခြေအနေပေါ်မူတည်ပြီး စီးပွားရေး၊ နိုင်ငံရေးကနေစပြီး အနုပညာ လှုပ်ရှားမှုတွေအထိကို အခွင့်အလမ်းတွေဖွင့်ထားတယ်။ ဘာလို့လဲဆိုတော့ ကျွန်တော့်ကိုယ် ကျွန်တော် ဘာကြီးပဲ ဖြစ်ရမယ် ညာကြီးပဲ ဖြစ်ရမယ်ဆိုပြီးတော့ ကန့်သတ်ချက်ကြီးနဲ့ မရှင်သန်ချင်လို့ပဲ။

ကျွန်တော် မတူညီတဲ့နယ်ပယ်တွေကို ဒီလိုမျိုး ဖြတ်သန်းခဲ့လို့လည်း တခြား ရှုထောင့်ကနေပြီး အခုလိုမျိုး ပုံစံမတူတဲ့ အမြင်သစ်တွေနဲ့ Video တွေကို ဖန်တီးနိုင်တယ်လို့ ယူဆတယ်။

## ကျွန်တော်သာ အသက် ၂၀ မပြည့်သေးရင်…

ကျွန်တော်သာ အသက် ၂၀ မပြည့်သေးတဲ့ လူတစ်ယောက်သာ ဖြစ်ခဲ့ရင် လုပ်ချင်တာတွေပါ။

ကျွန်တော့်ကို မေးတဲ့ လူငယ်တွေရှိလို့ အားလုံးရဲ့ မေးခွန်းနဲ့ ကိုက်ညီတဲ့ စာတစ်ပုဒ်ကို ရေးလိုက်ပါတယ်။

### ပညာရေး

ကျွန်တော်ဟာ ၁၀ တန်းကို အောင်မှတ်တွေနဲ့ပဲ အောင်ခဲ့သလို တက္ကသိုလ်မှာတုန်းကလည်း နောက်ဆက်တွဲ ဖြေဆိုမှုနဲ့ နှစ်စဉ်လုံးပန်းခဲ့ပြီး ဘွဲ့ရခဲ့ပါတယ်။ ကျွန်တော် ဒါကို ဂုဏ်ယူပြီး ပြောတာ မဟုတ် ပါဘူး။ ကျွန်တော့်ရဲ့ပညာရေး နောက်ခံ မလှတာကြောင့် ကျွန်တော်ဟာ နိုင်ငံခြား ပညာသင် ထောက်

ပွဲကြေးတွေ လျှောက်တာမှာ တော်တော်ခက်ခဲခဲ့ပါတယ်။ တကယ်လို့သာ ကျွန်တော် ဆယ်တန်း(သို့) တက္ကသိုလ် ကျောင်းသားဘဝ ပြန်ရောက်ခွင့်ရရင်တော့ စာမတော်ရင် တောင် အောင်မှတ်လောက်နားမှာ ရုန်းကန်နေရတဲ့ ကျောင်းသား မဖြစ်အောင် ကြိုးစားချင်တယ်။

## အပေါင်းအသင်း

ဆယ်တန်းပြီးကတည်းက အသက် ၂၀ အထိ အိမ်ပြီးရင် အများဆုံး ရောက်တဲ့နေရာက ဂိမ်းဆိုင်ပါ။ ကောင်းကျိုးကတော့ ကွန်ပြူတာ၊ အင်တာနက် နည်းပညာတွေနဲ့ ထိတွေ့ခွင့်ရခဲ့တယ်။ ဒါပေမဲ့ ကျွန်တော်ပေါင်းနေတဲ့ လူတွေက ကျွန်တော်နဲ့ စိတ်တူ ကိုယ်တူတွေပါ။ အမြင်မတူတာတွေ သိပ်မရှိဘူး။ တက္ကသိုလ် မှာလည်း ကျောင်းတွင်းလှုပ်ရှားမှုတွေမှာ လုံးဝနီးပါး မပါခဲ့ ပါဘူး။ လောကကြီးမှာ လူအမျိုးမျိုးရှိတယ်ဆိုတာ ကျွန်တော် အသက် ၂၀ Volunteer တွေမှာ လုပ်ခွင့်ရမှ မြင်ခွင့်ရခဲ့တယ်။ တကယ်လို့ ကျွန်တော်သာ ကြိုသိခဲ့ရင် Volunteer လှုပ်ရှားမှု တွေမှာ စောစောပါမယ်။ မတူညီမှုတွေ ညှိယူတဲ့ အရည်အချင်း မျိုး ရှိအောင်လုပ်မယ်။

## ဘာသာစကား

ကံကောင်းစွာပဲ အင်တာနက်နဲ့ ထိတွေ့ခွင့်ရထားသူမို့လို့ အင်္ဂလိပ်ဘာသာစကားက ကျွန်တော့်အတွက် နေ့စဉ်ထိတွေ့တဲ့ ဘာသာစကားတစ်ခု ဖြစ်လာတယ်။ ဒီကြားထဲမှာ တရုတ်စာ သင်ဖို့ အခွင့်အရေးတွေ ရခဲ့ပေမယ့် ကျွန်တော် မကြိုးစားခဲ့ဘူး။ မလေ့လာခဲ့ဘူး။ အခုချိန် ကျွန်တော် ဘာသာစကား ၃ မျိုး ပြောတတ်သူ ဖြစ်ချင်တယ်။ အချိန်တွေပေါတဲ့ အသက် ၂၀ မပြည့်ခင်တုန်းကလို ဆိုရင်တော့ တရုတ်စာဖြစ်ဖြစ် အသစ် တစ်ခုခုကို လေ့လာဖြစ်မှာပါ။

## တစ်ခုခု တည်ဆောက်မယ်

အသက် ၂၀ မပြည့်ခင်တုန်းက ပိုက်ဆံရဖို့တော့ များသောအားဖြင့် စာသင်တဲ့ Guide လုပ်တယ် (ကျွန်တော်က စာမတော်ဘူး အပြောပဲ ကောင်းတာပါ)။


တကယ်လို့ ကျွန်တော်သာ ကျွန်တော့်ရဲ့ Passion ကို စောစော ရှာတွေ့ခဲ့ရင် လူတွေ အသုံးတည့်မယ့် အရာတစ်ခုခုကို စပြီးလုပ်ခဲ့ချင်တယ်။ ဥပမာ Project Win - PJW လို Video Blog လိုမျိုး။

## အချစ်

နောက်ဆုံး တစ်ခုကတော့ 'အချစ်' ပါ။ ငယ်ငယ်တုန်းက အချစ်ကို တော်တော်အရေးကြီးတယ်ထင်ခဲ့ပါတယ်။ 'အချစ်' ကြောင့် အချိန်နဲ့ဖုန်းဘေတွေ တော်တော်ကုန်ခဲ့တယ်။ တကယ်လို့ ဒီအချိန်တွေကို ပြန်ယူလို့ရမယ်ဆိုရင် တန်ဖိုးရှိတာ တစ်ခုခုကို လုပ်လို့ရမယ်လို့ယူဆတယ်။ အခုတော့လည်း 'အချစ်' က အရေးကြီးတယ်လို့ ယုံကြည်ထားဆဲပဲ။ Definition သာ ပြောင်းသွားခဲ့တာ။ ငယ်ငယ်တုန်းက ၁၅၀၀ အချစ်ကို တော်တော်အရေးကြီးတယ် ထင်ခဲ့ပေမယ့် အခုတော့ ၅၂၈ ဖြစ်တဲ့ မိသားစုနဲ့ သူငယ်ချင်းတွေက ပိုအရေးကြီးတယ်လို့ ယုံကြည်လာတယ်။

# SWOT ရေးဆွဲနည်း

# SWOT ANALYSIS



တကယ်လို့ ဘဝမှာ ဘာလုပ်ရမှန်း မသိဘူး ဖြစ်နေတယ်ဆိုရင် ကိုယ့်ကိုယ်ကိုယ် SWOT analysis ဆွဲကြည့်ပါ။ SWOT analysis ဆိုတာ Strength (အားသာချက်)၊ Weakness (အားနည်းချက်)၊ Opportunity (အခွင့်အလမ်းများ)၊ Threats (စိန်ခေါ်မှု) တွေ ဖြစ်ပါတယ်။

Strength နဲ့ Weakness ဆိုတာက ကိုယ့်ရဲ့ Internal origin (ကိုယ်တိုင် ပြုပြင်လို့ရတဲ့အရာ) ဖြစ်ပါတယ်။ Opportunities နဲ့ Threats ဆိုတာက ကိုယ့်ရဲ့ External origin (ကိုယ် ပြုပြင် ပြောင်းလဲလို့ မရတဲ့အရာ) ဖြစ်ပါတယ်။ အဲ့ဒီတော့ ကိုယ့်ရဲ့ SWOT ကို ဘယ်လို သုံးသပ်လို့ရလဲဆိုတာကို ကျွန်တော်ရဲ့ အကြောင်းနဲ့ ဥပမာပေးပြီး သုံးသပ်ပါမယ်။

## Strength (အားသာချက်)

- ☞ ကိုယ်ပိုင် ယုံကြည်မှုရှိတယ်။
- ☞ အင်တာနက် နည်းပညာ ကျွမ်းကျင်တယ်။
- ☞ သူငယ်ချင်း မိတ်ဆွေကောင်းတွေရှိတယ်။
- ☞ အရပ်ရှည်တယ်။

**Weakness (အားနည်းချက်)**

- ငွေကြေးထောက်ပံ့မှု အကန့်အသတ်ရှိ
- နည်းနည်းပိန်တယ်
- တစ်ခါတလေ စိတ်မရှည်
- ယုံကြည်လွယ်

ဒီ Strengthနဲ့ Weaknessတွေက ကျွန်တော်ကိုယ်တိုင်မှာ ဖြစ်နေတာ ဖြစ်ပြီးတော့ ကျွန်တော်ကြိုးစားရင် Weakness တွေကို Strenght ပြောင်းလို့ရပြီး ကျွန်တော့် Strength တွေကလည်း ကျွန်တော် ရေရှည်မထိန်းရင် Weakness ဖြစ်သွားနိုင်တာမျိုးပါ။

နောက်တစ်ခုက External origin အပိုင်းဖြစ်တဲ့ အရာတွေကို စဉ်းစားမယ်။ ဒါက ကျွန်တော်တို့ ပြုပြင်ပြောင်းလဲလို့ မရနိုင်တဲ့ အရာတွေပါ။ ဘာတွေ ပါမလဲဆိုရင် လူမှုရေး၊ စီးပွားရေး၊ ပတ်ဝန်းကျင်စတာတွေ။ ကျွန်တော်တို့ ထိန်းချုပ်လို့ မရဘူး အဲ့ဒါတွေက။

**Opportunities (အခွင့်အလမ်းများ)**

- ☞ နိုင်ငံတကာ အခွင့်အရေးတွေများလာ
- ☞ အင်တာနက် မြန်နှုန်းတွေ မြင့်လာပြီး ဈေးသက်သာလာ
- ☞ Volunteer အခွင့်အလမ်းတွေ ပိုများလာ

**Threats (စိန်ခေါ်မှု)**

- ☞ ရာသီဥတု ပြောင်းလဲမှုတွေ ဖြစ်လာတယ်။
- ☞ နိုင်ငံတကာ ပြိုင်ဆိုင်မှုတွေ များလာတယ်။
- ☞ အလျင်အမြန်ပြောင်းလဲနေတဲ့ နည်းပညာကို အမီလိုက်ဖို့ ကြိုးစားရခြင်း။

ဒီတော့ အခု စာဖတ်သူလည်း ကိုယ့်ရဲ့အကြောင်းကို တစ်ချက်ချင်းစီ SWOT ကြည့်ပါ။ ကျွန်တော်ကတော့ ဥပမာပေးတဲ့အနေနဲ့ အကြောင်းအရာ ၃ ခုပဲ ထည့်တာပါ။ ကိုယ်တိုင်လုပ်ရင်တော့ ကိုယ်စဉ်းစားမိသလောက် ထည့်လို့ရပါတယ်။

နောက်ထပ် တစ်ပုဒ်ကတော့ ဒီ SWOT ရေးဆွဲပြီးရင် ဘယ်လို အသုံးချမလဲ ဆိုတာကို ပြောပြသွားပါမယ်။

# SWOT လက်တွေ့အသုံးချ

အခု ကျွန်တော့်ရဲ့စာဖတ်သူမှာ SWOT ဆွဲထားတဲ့ အဖြေတစ်ခုရှိနေပြီ။ ဒါကို ပြန်ပြီး အသုံးချဖို့ကလည်း အောက်က ဇယားပုံစံကို ကြည့်မယ်။ ဘေးနားက အကွက်တွေမှာတော့ ကျွန်တော်တို့ အားသာချက်၊ အားနည်းချက်၊ အခွင့်အလမ်းနဲ့ စိန်ခေါ်မှုတွေကို ရေးပြီးပြီ။ အတွင်းက အကွက် ၄ ကွက်မှာ ဆိုရင် ခေါင်းစဉ် ၄ ခု ကို ထပ်မြင်ရပါလိမ့်မယ်။

| | SWOT ANALYSIS | |
|---|---|---|
| | Strengths<br>1.<br>2.<br>3.<br>4. | Weaknesses<br>1.<br>2.<br>3.<br>4. |
| Opportunities<br>1.<br>2.<br>3.<br>4. | Opportunity-Strength strategies<br>*Use strengths to take advantage of opportunities*<br>1.<br>2. | Opportunity-Weakness strategies<br>*Overcome weaknesses by taking advantage of opportunities*<br>1.<br>2. |
| Threats<br>1.<br>2.<br>3.<br>4. | Threat-Strength strategies<br>*Use strengths to avoid threats*<br>1.<br>2. | Threat-Weakness Strategies<br>*Minimize weaknesses and avoid threats*<br>1.<br>2. |

Opportunity - Strength strategies (အားသာချက်ကို အသုံးပြုပြီး အခွင့်အလမ်းတွေမှာ ဘယ်လို အသုံးချမလဲ?)

Opportunity - Weakness strategies (အခွင့်အလမ်းတွေကို အသုံးပြုပြီး အားနည်းချက်တွေကို ဘယ်လို ကျော်ဖြတ်မလဲ?)

Threat-Strength strategies (အားသာချက်တွေကို သုံးပြီး စိန်ခေါ်မှုတွေကို ဘယ်လို ကျော်မလဲ?)

Threat-Weakness straggles (အားနည်းချက်တွေကို ခြုံပြီး စိန်ခေါ်မှုတွေကို ဘယ်လို ကျော်မလဲ?)

ကျွန်တော်ရဲ့ SWOT ခွဲထားတဲ့ အချက်ကို အခြေခံပြီး လုပ်ရမယ်ဆိုရင် အဓိကအနေနဲ့

Opportunity - Strength strategies ဆိုရင် Facebook ပေါ်မှာ Video Blogging လုပ်မယ်။

ကိုယ်သိတဲ့ ပညာတွေကို လူငယ်တွေကို ပြန်မျှပြီး စာသင်မယ်။

Opportunity - Weakness strategies ဆိုရင် ကိုယ့်ကိုယ်ကိုယ် ယုံကြည်ချက်ရှိလို့ ငွေကြေး ထောက်ပံ့မှုမရှိတာ ပြဿနာကြီးတစ်ခုလို့ မမြင်။ အရပ်ရှည်ပြီး ပိန်နေတော့ နည်းနည်း Gym ဆော့ရမယ်။

Threat-Strength strategies ဆိုရင် နည်းပညာ အပြောင်းအလဲ မြန်တဲ့ခေတ်မှာ မျက်ခြည်မပြတ်အောင် သူငယ်ချင်းကောင်းတွေနဲ့ လေ့လာမယ်။

အင်တာနက်ဆိုင်ရာ စီးပွားရေးလုပ်ငန်းတွေ စလုပ်ဖို့ ပိုအာရုံစိုက်မယ်။

Threat-Weakness straggles ဆိုရင်နည်းနည်း စိတ်ရှည်အောင် ကြိုးစားပြီးတော့ နိုင်ငံတကာနဲ့ ယှဉ်ပြိုင်နိုင်အောင် လုပ်ရအောင် ရာသီဥတုတွေပြောင်း ရောဂါအသစ်တွေ ပေါ်နေလို့ နည်းနည်းလေး ဝအောင်လုပ်ရမယ်၊ ဒါမှ အသက်ကြီးရင် ကျန်းမာရေးမချူချာမှာ။

တွေ့လား ကျွန်တော် SWOT ဆွဲလိုက်တယ် ပြီးတော့ ဒါတွေကို တစ်စုတစ်စည်းတည်း လုပ်ပြီး ပေါင်းလိုက်တော့ ကျွန်တော် ဘာလုပ်ရမလဲ ဆိုတာ ထွက်လာတယ်။ ကျွန်တော့် စာဖတ်သူလည်း SWOT ဆွဲပြီး ကိုယ်ဘာလုပ်ချင်လဲဆိုတာကို အကောင်းဆုံး ရှာတွေ့နိုင်ပါစေလို့ ဆုမွန်ကောင်း တောင်းလိုက်ပါတယ်။

# ကျွန်တော် ၁၀၀ ဖိုး ၃ ပုဒ် Motivation တွေရဲ့ သားကောင် ဖြစ်ခဲ့တယ်

လူတွေဆိုတာ အမှားတွေလုပ်ခဲ့ပြီး အမှန်ကို သိတဲ့အခါ သူတို့ ဘဝမှာ အကြီးအကျယ် ပြောင်းလဲသွားတတ်တယ်တဲ့။ ဥပမာ Multi-Level marketing (MLM) လုပ်ဖူးသူတွေက ဒီအကြောင်းကို သိသွားလို့ ဒီလောကထဲက ထွက်ပြီး MLM ရဲ့ ဆိုးကျိုးတွေကို အများသိအောင် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နေတာ မြင်ဖူးတယ်။ မူးယစ်ဆေးဝါး ဆိုးကျိုးကို သိလို့ ဆေးဖြတ်ပြီး ကျန်တဲ့ ဆေးစွဲနေသူတွေကိုလည်း ဆေးဖြတ်ဖို့ ကူညီပေးသူတွေကိုလည်း မြင်ဖူးတယ်။

ကျွန်တော်ကတော့ ၁၀၀ ဖိုး ၃ ပုဒ် Motivation တွေရဲ့ သားကောင် ဖြစ်ခဲ့ဖူးတယ်။ ငယ်ငယ်ကဆို အဲ့ဒီလိုမျိုး

အောင်မြင်ရေး စာအုပ်တွေ အရမ်းဖတ်ဖြစ်တယ်။ ဒါပေမဲ့ နောက်ပိုင်းမှာ ဒီအကြောင်းတွေက လက်တွေ့မကျဘူး ဆိုတာ နားလည်လာတယ်။ အဲ့ဒီလူတွေမှာ အောင်မြင်ရေးအတွက် တကယ်လုပ်ခဲ့တာ မရှိဘူး။ တချို့ကျတော့လည်း မိဘအသိုင်းအဝိုင်း အထောက်အပံ့ကြောင့် ဖြစ်လာပြီး အောင်မြင်ရေးအကြောင်းတွေ ပြောတာမျိုးတွေ ရှိတယ်။ ကျွန်တော် တကယ်ကို ရှုံးရှုံးမိုက်မိုက် သူတို့ကို အားကျခဲ့တယ်။

သူတို့ ပြောတာတွေကို လိုက်လုပ်ကြည့်ပြီး နောက်ပိုင်းမှာ သိလာတာက ကျွန်တော့်အတွက် သူတို့ပေးတဲ့ နည်းလမ်းတွေက မဖြစ်နိုင်ဘူး။ ဘာလို့ ဆိုတော့ သာမန်လူတန်းစားတစ်ယောက် ဖြစ်တဲ့ ကျွန်တော့်အတွက် လက်တွေ့မကျတဲ့ ကိုယ်ပိုင် ကြိုးစားမှု၊ record မရှိခဲ့သူတွေရဲ့ motivation တွေက အလကား အကျိုးမရှိဘူး ဖြစ်နေ တယ်။

အဲ့ဒီတော့ ကိုယ့်ဘဝအခြေအနေနဲ့ ကိုက်ညီတဲ့ အခွင့်အလမ်းတွေကို Googleလုပ်တယ်၊ Facebookမှာ ရှာတယ်။ သိချင်တာရှိရင် YouTubeမှာ ကြည့်တယ်။ အခု မြန်မာလူငယ် တော်တော်များများလည်း ၁၀၀ ဖိုး ၃ ပုဒ် motivation ထောင်ချောက်ထဲမှာ မိနေသူတွေ အများကြီး ရှိတယ်။ ကျွန်တော်

ကတော့ လက်တွေ့လောကမှာ ဘာမှ မလုပ်ဖူးတဲ့ motivational speaker တွေရဲ့ စကားကို နားမထောင်ဘဲ ကိုယ့်ပတ်ဝန်းက ဆရာကောင်း သူငယ်ချင်းကောင်းတွေကြောင့် ကျွန်တော့် အလုပ်အကိုင်တွေ၊ ပညာရေး အခွင့်အလမ်းကောင်းတွေ ပိုရခဲ့တယ်။

တကယ်လို့များ ကျွန်တော်သာ ၁၀၀ ဖိုး ၃ ပုဒ် ဆန်တဲ့ motivation ထောင်ချောက်ထဲမှာ ဆက်ရှိနေမယ်ဆိုရင် သူတို့ကို အားကျပြီးပဲ အခုလို ဖြစ်လာဖို့ကို ဖြစ်တော့မှာ မဟုတ်ဘူး။ အဲ့ဒီတော့ ကျွန်တော် အကြံပေးနိုင်တာက စကားဆိုတာ လူတိုင်းပြောတတ်တယ်၊ လက်တွေ့အလုပ်လုပ်ဖို့ အရေးကြီးတယ်။

## ကျွန်တော် ဘာတွေ ရှုံးခဲ့လဲ?

Project Win ဗီဒီယိုတွေလုပ်ရတာကို ကျွန်တော် ပျော်တယ်။ အတိုင်းအတာတစ်ခုထိ အောင်မြင်တယ်လို့ ခံစားရတယ်။ ဒါပေမဲ့ လူတော်တော် များများက အောင်မြင်တဲ့ အကြောင်းတွေ ပြောနေတော့ ကျွန်တော်က ကျွန်တော် ကျရှုံးခဲ့တဲ့ အကြောင်းတွေ ပြောမယ်။

၂၀၁၃ ခုနှစ်တုန်းက သူငယ်ချင်းတွေနဲ့ WHAT ဆိုတဲ့ Marketing Service လုပ်ငန်းကို လုပ်တယ်။

WHAT ဆိုတာ ကျွန်တော်တို့ နာမည်ရဲ့ ရှေ့စာလုံးတွေ။ အရင်းအနှီး တစ်ပြားမှ မသုံးခဲ့ဘူး။ နောက်ဆုံးမှာတော့ Client တစ်ယောက်မှမရဘဲ ရပ်ခဲ့ရတယ်။

၂၀၁၄ တုန်းက Valentine Day မှာ ချစ်သူကို လက်ဆောင် ပေးချင်တဲ့သူတွေအတွက် ဝန်ဆောင်မှုလုပ်ခဲ့တယ်။

V Day ပြီးတော့ ဘာမှ ဆက်မဖြစ်ခဲ့တော့ဘူး။ ကျွန်တော်နဲ့ ကျွန်တော့်သူငယ်ချင်းတွေ ရေရှည်ရပ်တည်ဖို့ Plan ကို မစဉ်းစားမိခဲ့ဘူး။

နောက်ပြီးတော့ Curiosity Science Magazine ကို လုပ်ခဲ့ဖူးတယ်။ မြန်မာနိုင်ငံရဲ့ ပထမဆုံး အွန်လိုင်း သိပ္ပံမဂ္ဂဇင်း။ တစ်နှစ်ခွဲလောက် run ပြီး နောက်ဆုံး သိလိုက်ရတာက ကျွန်တော်ရော ကျန်တဲ့ Co-Founder တွေကော ရင့်ကျက်ဖို့ အများကြီးလိုသေးတယ်။

မပြီးသေးဘူး။ နောက်ထပ်တစ်ခုက SSDS Delivery Service/ Online ပေါ်က ကုန်ပစ္စည်းတွေကို လိုက်ပို့တဲ့ ဝန်ဆောင်မှု။ တစ်နှစ်လောက် လုပ်ပြီးချိန်မှာ လက်ခံလိုက်ရတာက ကျွန်တော်တို့ ကျရှုံးတယ်။ ဈေးကွက် အခြေအနေအရရော ငွေကြေးဆိုင်ရာရော။

အခု လုပ်နေတဲ့ Project Win Video Blog က အချိန်ကာလတိုပေမဲ့ ဒီ ၄ ခု ပေါင်းထက် ပိုပြီး အောင်မြင်နေတယ်လို့ ခံစားရတယ်။ တကယ်လို့ ဒီ ၄ ခု မရှိဘူးဆိုရင်လည်း Project Win Video Blog ဆိုတာ ဖြစ်လာမှာ မဟုတ်ဘူး။

ကျွန်တော်က ပိုက်ဆံမရှိဘူး။ ဒါပေမဲ့ Startup တွေလုပ်တယ်။ လျှို့ဝှက်ချက်က အရင်းအနှီးလိုချင်ရင် အရင်းအနှီးရှိတဲ့လူနဲ့ပေါင်းတယ်၊ ကိုယ်မကျွမ်းတဲ့ အပိုင်းရှိရင် ကျွမ်းတဲ့လူနဲ့ ပေါင်းလိုက်တယ်။

ကျရှုံးတာတော့ မရှိဘဲ အောင်မြင်မှုဆိုတာ မရှိနိုင်ဘူး။

## Project Win အမေးအဖြေ - ၁

**အမေး - ကျွန်တော် အလုပ်လုပ်ရင် ကြိုးစားပြီးလုပ်ပါတယ်။ သူများထိုင်နေရင်တောင် အလုပ်ချိန်ဆိုပြီး မနိုကပ်နေပါဘူး။ ဒါပေမဲ့ ကျွန်တော့်ကြိုးစားမှုကို ဘယ်သူမှ အသိမှတ်မပြုကြဘူးဗျာ။**

အဖြေ - အလုပ်ကြိုးစားမှုနဲ့ ရလဒ်ထွက်မှု မတူပါဘူး။ လူတွေက အလုပ်ကြိုးစားတာထက် အလုပ်ပြီးမြောက်မှုကို လိုချင်တာပါ။

ဥပမာဗျာ - ရန်ကုန်နဲ့ မန္တလေးကို မောင်မောင်က လမ်းလျှောက်သွားတယ်။ သူနေ့မအိပ် ညမအိပ် လမ်းလျှောက်တယ်။ ပင်ပင်ပန်းပန်းလျှောက်တယ်။

ကျော်ကျော်က ဒီ တူညီတဲ့ခရီးပဲ ကားနဲ့ သွားတယ်။ နားလိုက်၊ မောင်းလိုက် အေးအေးဆေးဆေးပဲ။ နောက်ဆုံး ကားမောင်းသွားခဲ့တဲ့ ကျော်ကျော်က စောစောရောက်သွားတယ်။

မောင်မောင်က ပင်ပင်ပန်းပန်း အလုပ်ကြိုးစားပေမယ့် လျှင်လျှင်မြန်မြန် အလုပ်မပြီးဘူး။ ဒါကို Work Hard (အလုပ်ကြိုးစားမှု) နဲ့ Work Smart (ပါးပါးနပ်နပ် အလုပ်လုပ်မှု) ဆိုပြီး ခွဲခြားသတ်မှတ်လို့ရတယ်။ ထပ်ပြောရရင် လူတွေလိုတာ အလုပ်ပြီးမြောက်မှုကို လိုချင်တာပါ။

**အမေး - မင်္ဂလာပါ ညီမတို့ လူငယ်တွေရဲ့ လုပ်ဆောင်ရတဲ့ အလုပ်အကိုင်တွေအပေါ် အောင်မြင်ခြင်း၊ မအောင်မြင်ခြင်းရဲ့ နည်းလမ်းတွေကို သိချင်ပါတယ်ရှင့်။**

**အဖြေ** - အောင်မြင်တယ်ဆိုတာကို ဘာနဲ့တိုင်းတာလဲဗျ? လူတိုင်းမှာ တိုင်းတဲ့ ပေတံမတူဘူး။ တချို့က ပိုက်ဆံချမ်းသာတာ၊ တချို့က နာမည်ကြီးတာ၊ တချို့က အချိန်ချမ်းသာတာ၊ တချို့က သူငယ်ချင်းအပေါင်းအသင်းပေါတာ၊ တချို့ကျတော့ ရာထူးရှိတာ။ အဲ့ဒီတော့ ညီမရဲ့အောင်မြင်မှုက ဘာလဲ? အဲ့ဒါကို အရင်တွေးကြည့်ပါ။ နောက်ပိုင်းမှာ ဒီလို ဖြစ်အောင် ဘယ်လို လုပ်ရမလဲဆိုတဲ့ နည်းလမ်းတွေ ပေါ်လာပါလိမ့်မယ်။

## ဒီကောင် အရင်က ဘာမှ မဟုတ်ပါဘူး

ဒီလိုစကားမျိုးကို ကျွန်တော်လည်း အရင်တုန်းက သူများတွေကို ပြောခဲ့ဖူးတယ်။ ဒီစကားက များသောအားဖြင့် ကိုယ်နဲ့ပေါင်းသင်းနေတဲ့ လူတစ်ယောက်က အခွင့်အရေးတစ်ခု ကိုရပြီး နောက်တစ်ဆင့်ရောက်သွားရင် လူတွေ ပြောတတ်ကြတဲ့ စကားပဲ။

ကျွန်တော် အဲ့ဒီစကားကို ပြောခဲ့ပြီးတော့ ကိုယ့်ကိုယ်ကို အဟုတ်ကြီး ထင်ခဲ့ဖူးတယ်။ ဒါပေမဲ့ ကျွန်တော်တို့ မသိလိုက်တာက ဒီလိုမျိုး သူများကို ဝေဖန်နေရင်းနဲ့ ကျွန်တော့်ရဲ့ဘဝက တဖြည်းဖြည်း ရှေ့ကို မရောက်တော့ဘူး။ နောက်ပိုင်းမှာ တဖြည်းဖြည်း သိလာတာက ကျွန်တော်တို့ကသာ ဘာကောင်မှ မဟုတ်ဘူးလို့ လိုက်ပြီး လျှောင်ပြောင်နေပေမယ့် အပြောခံနေရတဲ့သူတွေက ကျွန်တော်တို့ ရှေ့ကို ရောက်နေတာပဲ။

ဒီလို သုံးသပ်ပြီး နောက်ပိုင်း ကျွန်တော့် အမြင်ကို ပြောင်းလိုက်တယ်။ ကိုယ့်ကိုယ်ကိုယ် ကောင်းအောင် ကြိုးစားတယ်၊ ကြိုးစားတဲ့သူတွေနဲ့ ပေါင်းတယ်၊ ကျွန်တော့် သိတာတွေကို သူများတွေကို မျှဝေတယ်။ ဝေဖန်နေရင်တော့ ဘာမှ မပြောင်းလဲဘူးဆိုတာကို နားလည်လိုက်တယ်။ လူတိုင်းက တစ်ခါတုန်းက ချာတိတ်ပဲ။ အဲ့ဒီနေရာမှာ ရပ်မနေဖို့ပဲလိုတယ်။

# ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု မရှိသူတွေ ဖြစ်တတ်တဲ့အချက်

'ငါ့ကို မုန်းနေတဲ့လူ အရမ်းများတယ်ကွာ'

ပတ်ဝန်းကျင်မှာ အဲ့ဒီလို ပြောတာကို ကြားဖူးလား? ဒါဆိုရင်တော့ အဲ့ဒီလူကို သွားမေးလိုက်ပါ။ မင်းကို လူတွေ မုန်းနေပြီဆိုတာ သေချာလား?

ကျွန်တော် တစ်ခုပြောပြမယ်။ အဲ့ဒါကတော့...

အမေရိကန်နိုင်ငံမှာ သူတို့နိုင်ငံရဲ့ သမ္မတကို ပြည်သူ ကြိုက်မှု စစ်တမ်းလုပ်တာရှိတယ်။ အဲ့ဒီ စစ်တမ်းမှာ နောက်ဆုံး အမေရိကန်သမ္မတ (၁၄) ဆက်မှာ ဘယ်သမ္မတမှ ပြည်သူလူထု ၈၀% လောက်အထက် ကြိုက်နှစ်သက်မှုရတာ မရှိဘူး။ လက်ရှိ သမ္မတဒေါ်နယ်ထရန့်ဆိုရင် ပျမ်းမျှ သူ့ကို ကြိုက်နှစ်သက်သူ ၄၀% ပဲ ရှိတယ်။ အရင် သမ္မတ အိုဘားမားဆိုရင်

# ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု မရှိသူတွေ ဖြစ်တတ်တဲ့အချက်

'ငါ့ကို မုန်းနေတဲ့လူ အရမ်းများတယ်ကွာ'

ပတ်ဝန်းကျင်မှာ အဲ့ဒီလို ပြောတာကို ကြားဖူးလား? ဒါဆိုရင်တော့ အဲ့ဒီလူကို သွားမေးလိုက်ပါ။ မင်းကို လူတွေ မုန်းနေပြီဆိုတာ သေချာလား?

ကျွန်တော် တစ်ခုပြောပြမယ်။ အဲ့ဒါကတော့…

အမေရိကန်နိုင်ငံမှာ သူတို့နိုင်ငံရဲ့ သမ္မတကို ပြည်သူ ကြိုက်မှု စစ်တမ်းလုပ်တာရှိတယ်။ အဲ့ဒီ စစ်တမ်းမှာ နောက်ဆုံး အမေရိကန်သမ္မတ (၁၄) ဆက်မှာ ဘယ်သမ္မတမှ ပြည်သူလူထု ၈၀% လောက်အထက် ကြိုက်နှစ်သက်မှုရတာ မရှိဘူး။ လက်ရှိ သမ္မတဒေါ်နယ်ထရန့်ဆိုရင် ပျမ်းမျှ သူ့ကို ကြိုက်နှစ် သက်သူ ၄၀% ပဲ ရှိတယ်။ အရင် သမ္မတ အိုဘားမားဆိုရင်

သူ့ကို ကြိုက်နှစ်သက်သူ ၄၇.၉% ပဲ ရှိတယ်။ ဒါက လူ (၁၀၀) မှာဆိုရင် လူ (၅၀) တောင် မကြိုက်တဲ့ သဘောပဲ။

ဒီလို ကမ္ဘာ့ခေါင်းဆောင်ကြီးတွေတောင် လူတိုင်းက မကြိုက်ရင် မင်းကို လူတိုင်းက မကြိုက်တာ သဘောမကျတာ ပြဿနာ မဟုတ်ဘူး။ ဒါမှမဟုတ်လည်း မင်းကို မုန်းတဲ့လူဆိုတာ တကယ်တော့ ရှိချင်မှတောင် ရှိမှာ။ မင်းရဲ့ စိတ်ထဲက မလုံခြုံတဲ့အငုံစိတ်ကြောင့် လျှောက်တွေးနေတာလည်း ဖြစ်ရင် ဖြစ်နေနိုင်တာပဲ။

အငုံစိတ်နဲ့ ပတ်သက်ပြီး ထပ်ပြီး ဥပမာ ပေးရမယ်ဆိုရင် ကိုယ့်ထက်သာတဲ့လူနဲ့ပဲ ပေါင်းချင်တာ အငုံစိတ်ပဲ။ ကိုယ့်ထက်သာတဲ့ လူနဲ့ပေါင်းပြီး ဓါတ်ပုံတွဲရိုက်လို့ သူ့လိုမဖြစ်လာနိုင်ဘူး။ သူ့လို အလုပ်ကြိုးစားမှပဲ ဖြစ်လာမှာ။ တကယ်လို့ ကိုယ်က သာတဲ့လူတွေနဲ့ပဲ တွဲပြချင်တယ်ဆိုရင်တော့ သာပေါင်းညာစားပဲ ဖြစ်မှာ။ သာပေါင်းညာစားတွေက တစ်ချိန်မှာ တစ်ခုတော့ လုပ်လို့ရတယ်။ အဲ့ဒါက အရှုံးသမားတွေ အမြဲတမ်း ပြောတဲ့စကားကို ပြောတာပေါ့။

'အဲ့ကောင်က အရင်တုန်းက အရှုး ဘာမှလည်း ဟုတ်တာ မဟုတ်ဘူး'

# သင့်ခံစားချက်တွေကို ဘယ်သူက ထိန်းချုပ်နေလဲ

လူတော်တော်များများက ပြောကြတယ်။ ငါက မှန်လို့ကျင့်တယ်။

'သင်ကောင်းလျှင် ကျွန်ုပ်မဆိုးပါ' ဒီအချက်က သင့်ဘဝပျော်ရွှင်ရဖို့ တကယ်ပဲ သေချာနေပြီလား?

ဒါဆိုရင် သင်မဲ့ရင် ကျွန်တော်မဲ့မှာလား? သင် ဒေါသထွက်ရင်ရော ကျွန်တော်ပါ ဒေါသ ထွက်ရမှာလား?

ဒီလိုမျိုး ကျွန်တော်တို့ တုံ့ပြန်ခြင်းအားဖြင့် ကျွန်တော်တို့ရဲ့ ပျော်ရွှင်မှု၊ ဝမ်းနည်းမှုတွေကို တခြားသူတစ်ယောက်က ထိန်းချုပ်ဖို့ အခွင့်ရေးပေးသလို ဖြစ်သွားနိုင်တယ်။

ဥပမာ ကျွန်တော်တို့ သဘောကျနေတဲ့သူ တစ်ယောက်က ကိုယ့်ကို စာအရင်ပို့လို့၊ ဖုန်းခေါ်လို့၊ love react ပေးလို့၊

# လူတော်လား လူကောင်းလား

ကျွန်တော် ယုံကြည်တဲ့ လူကောင်း (nice guy) နဲ့ လူတော် (smart guy)ဆိုတဲ့ အကြောင်းပြောပြပါမယ်။

လူကောင်း (nice guy)တို့ကတော့ သူတစ်ပါးက သူ့ကိုမြင်တဲ့ အမြင်အပေါ် အမြဲဂရုစိုက်လေ့ရှိကြတယ်။ သူတို့က ကိုယ်ပိုင်အတွေး အမြင်ထက် သူတစ်ပါးရဲ့ကျေနပ်မှုနဲ့ ထောက်ခံမှုအပေါ်မှာ တည်ပြီး လုပ်ဆောင်တတ်ကြတယ်။ သူတို့က လူအများနဲ့ အငြင်းအခုံ ဖြစ်စေ နိုင်တယ်ဆိုရင် ဘယ်ဟာ မှန်လဲ၊ ဘယ်ဟာမှားလဲ သိနေရင်တောင် ရဲရဲဝံ့ဝံ့ ထုတ်ပြောလေ့ မရှိဘူး။

လူတော် (smart guy) တွေကတော့ သူ့အကျိုး ကိုယ့်အကျိုးအပေါ်ကို အခြေခံပြီးတော့ပဲ စဉ်းစားတယ်၊ လုပ်ဆောင်

တယ်။ လူတော်တွေက သူတို့ရဲ့ဘဝ၊ ခံစားချက်နဲ့ ကြုံတွေ့နေရတဲ့လောကခံတွေက တခြားလူတွေလည်း တန်းတူညီမျှ ခံစားနေရမှာပဲလို့ တွေးတတ်တယ်။ သူတို့က သူတို့ယုံကြည်ထားတဲ့အတိုင်း၊ ဆုံးဖြတ်ထားတဲ့အတိုင်းသာ လုပ်ဆောင်ပါတယ်။ လူတော်တွေလို သူများတွေဆိုရင် ငါ့နေရာမှာ ဘယ်လိုလုပ်ကြလဲဆိုတာကို အချိန်ကုန် ခံပြီးမစဉ်းစားပါဘူး။ ငါ့အခုကြုံနေရတာကို ဘယ်လိုဖြေရှင်းသင့်သလဲ ဆိုတာကိုပဲ စဉ်းစားတယ်။

ကျွန်တော် ယူဆတာကတော့ ဘာတစ်ခုမှ မလုပ်ဘဲ ဖြူစင်တဲ့နှလုံးသား တစ်ခုထဲရှိပြီး လူကောင်း ဖြစ်နေရုံနဲ့ ဘာမှ ပြောင်းလဲလို့ မရဘူး။ ပြဿနာကို အဖြေရှာတတ်တဲ့ လူတော်တစ်ယောက်ဖြစ်မှ ဦးဆောင်သူတစ်ယောက် ဖြစ်နိုင်တယ်။

ဒါတွေကြောင့် ကိုယ်ဝမ်းသာပြီး ပျော်ရွှင်တာမျိုးတွေ ဖြစ်ဖူးတယ်။

နောက်တစ်ခုအနေနဲ့ social media company ကြီးတွေက click တစ်ချက်နှိပ်ပြီး မူဝါဒတွေပြောင်းလို့ ကိုယ့်သူငယ်ချင်းတွေက ကိုယ့်ကို မခင်တော့ဘူးဆိုပြီး ဝမ်းနည်းဖူးတယ်။

ဒါကလည်း လူတွေတော်တော်များများဖြစ်ဖူးကြမှာပါ။

ကျွန်တော်တို့ တစ်ရက်လောက် လူတစ်ယောက်ကို မနှိပ်ဘဲ နေကြည့်ရအောင်။

အရိုးရှင်းဆုံးနည်းလမ်းကတော့ သင်ကောင်းသည်ဖြစ်စေ ဆိုးသည်ဖြစ်စေ ကျွန်တော်ကတော့ ကောင်းနေမှာပါပဲ ဆိုတာပါပဲ။

## စိတ်မြန်သင့်သလား စိတ်ရှည်သင့်သလား

လူတော်တော်များများ ပြောကြတယ်။ ငါက စိတ်မြန်တယ်၊ တချို့ ကျတော့လည်း စိတ်ရှည်တာ ကောင်းတယ်ပေါ့။

ကျွန်တော်လည်း ငယ်ငယ်က စိတ်မြန်တဲ့ အထဲမှာပါတယ်။ တစ်ခုခုလုပ်တာ၊ ဆုံးဖြတ်ချက်ချတာအစ ရန်ဖြစ်တာအထိ အပါအဝင်ပဲ။ အခု အရွယ်မှာ နားလည်လာတာတော့ လူတစ်ယောက်က အခြေအနေ အချိန်ပေါ်မှာတည်ပြီးတော့ တခါတလေ စိတ်မြန်သင့်တယ်၊ တစ်ခါတလေမှာလည်း စိတ်ရှည်သင့်တယ်ဆိုပြီး နားလည်လာတယ်။

ဘယ်အချိန်တွေမှာ စိတ်မြန်သင့်သလဲဆိုရင် အလုပ်တစ်ခုခုပြီးဖို့၊ သူငယ်ချင်းဆီ ဖုန်းဆက်ဖို့၊ အလုပ်တစ်ခုခု လျှောက်ဖို့ စတဲ့ အရေးကြီးတဲ့ ကိစ္စတွေမှာ စိတ်မြန်သင့်တယ်။

## စာကြိုးစားသင့်ရဲ့လား? စာကြိုးစားဖို့ လိုလို့လား?

ခေါင်းစဉ်ကို ဖတ်ပြီးတော့ ကျွန်တော့်ကို အထင်မလွဲစေချင်ဘူး။ လူတွေက အမှားကနေတစ်ဆင့် အတွေ့အကြုံကို လေ့လာတယ်။ ကျွန်တော့်ဘဝမှာ မှားခဲ့တဲ့အကြောင်းကနေ လေ့လာခဲ့တာကို ပြောမယ်။

ငယ်ငယ်တုန်းက ကျောင်းမှာ အမှတ်ကောင်းကောင်းရမှ အလုပ် ကောင်းကောင်းရမယ်လို့ သူများတွေ ပြောတာကြားဖူးတယ်။ ယုံခဲ့ဖူးတယ်။ ကျွန်တော် ၁၀ တန်းမှာ ဘာသာစုံနီးပါး ၄၀ ကနေ ၄၅ မှတ်အတွင်းနဲ့ အောင်တယ်။

တက္ကသိုလ်မှာတော့ နှစ်တိုင်း နောက်ဆက်တွဲ ၄ ခု ထိပြီး အောင်တယ်။ ဟုတ်တယ် ကျွန်တော်တို့တုန်းက ၄ ဘာသာထိ ကျခွင့်ရှိတယ်။ ပတ်ဝန်းကျင်ရဲ့စံနှုန်းနဲ့ ပြောမယ်ဆိုရင် ကျွန်တော်က မြောင်းထဲရောက်မယ့် ကောင်ပဲ။

၁၀ တန်းအောင်ပြီး ၁၀ နှစ်အကြာ အခုတော့ ကျွန်တော့်မှာ ရည်မှန်းချက်တွေရှိတယ်၊ ဝင်ငွေရှိတယ်၊ သူငယ်ချင်းကောင်းတွေရှိတယ်။ ဘယ်သူမှ ကျွန်တော် ဆယ်တန်းတုန်းက ဘယ်နှမှတ်ရလဲတို့ ဂုဏ်ထူးဘယ်လောက် ထွက်လဲတို့ တက္ကသိုလ်မှာ အမှတ်ကောင်းလားတို့ လာမမေးဘူး။

ကျွန်တော် ကြိုးစားခဲ့တာ ၃ ခုတည်း။ ကွန်ပြူတာ၊ အင်တာနက်နဲ့ အင်္ဂလိပ်စာ။ ဒါပဲ။

ဒီမှာ ပေးချင်တဲ့ message က စာကြိုးစားသင့်တယ်။ ဒါမှ ပို အဆင့်မြင့်တဲ့ နိုင်ငံတကာတက္ကသိုလ်တွေမှာ တက်ခွင့်ရမယ်။ အခွင့်အလမ်းတွေက ပညာတတ်တွေအတွက် အလွယ်တကူစောင့်နေတယ်။ အမှတ်မကောင်းဘူး ဆိုရင်တော့လည်း စိတ်ဓာတ်မကျပါနဲ့။ စာရွက်ထဲက အမှတ်တွေက မင်းဘဝအတွက် အဆုံးအဖြတ်မပေးနိုင်ဘူး။ ဒါပေမဲ့ ၁၀ တန်းအောင်ပြီး ဘွဲ့ရဖို့တော့လိုတယ်။

## စာမေးပွဲမဖြေခင် ဘာတွေလုပ်သင့်လဲ?

ဒီစာကတော့ တက္ကသိုလ်တက်နေတဲ့ ကျောင်းသား/သူတွေ၊ ၁၀ တန်းဖြေတဲ့ ကျောင်းသား/သူတွေ အတွက် ရည်ရွယ်ပါတယ်။

ကျွန်တော် ၁၀ တန်းကို ဘာသာစုံ အောင်မှတ်နီးပါးနဲ့ အောင်ခဲ့တယ်။ တက္ကသိုလ်မှာလည်း နှစ်တိုင်း နောက်ဆက်တွဲ စာမေးပွဲတွေနဲ့ အောင်ခဲ့တယ်။ အဲ့အတွက်ကြောင့် ကျွန်တော် ဘာမှတော့ မဖြစ်ခဲ့ဘူး။ စိတ်မကောင်းစရာတစ်ခုက စာမတော်တဲ့ ကျောင်းသားတစ်ယောက်ဖြစ်ခဲ့လို့ အခုချိန်မှာ ကျွန်တော် တက်ချင်တဲ့ နိုင်ငံတကာက တက္ကသိုလ်ကြီးတွေမှာ တက်ဖို့ အရမ်းခက်ခဲတယ်။ ဒါက ကျွန်တော်ပြုပြင်လို့ မရတဲ့ နောင်တရစရာတစ်ခုပဲ။

ကျွန်တော် ကျောင်းသားဘဝတုန်းက သာမန်ကျောင်းသား တစ်ယောက်ပါ။ ဘာမှနိုင်ငံတကာ အခွင့်အလမ်း ဒီလောက်ကြီး တွေ မမက်ဖူးဘူး။ နောင် ၁၀ နှစ်မှာ ဒီလို အခြေအနေမျိုး ဖြစ်လာမယ်လို့ မမျှော်လင့်ခဲ့ဘူး။ အဲ့ဒီတော့ အခွင့်အလမ်းတွေ ဆိုတာ ကြိုမမြင်နိုင်ဘူး။ လုံထမ်းလာတာမြင်ရ၊ ကံထမ်းလာတာ မမြင်ရ ဆိုသလိုပေါ့။ ကိုယ့်ဘက်က ပြင်ဆင်ထားဖို့လိုတယ်။ ကျွန်တော်သာ တကယ်လို့ ကျောင်းသား ဘဝပြန်ရောက်ခွင့်ရ မယ်ဆိုရင် စာမေးပွဲအတွက် ဒါမျိုးတွေ လုပ်ဖြစ်မယ်။

## ၁ – အရေးကြီးတာကို အရင်လုပ်မယ်

ကျွန်တော့်တုန်းက စာလည်း သေချာမရတော့ ဘယ် ဘာသာ အရင်လုပ်ရမှန်း မသိဖြစ်ဘူးဖြစ်နေတယ်။ အဲ့တော့ ကျွန်တော်သာ အခုချိန်မှာ စာပြန်ကျက်ခွင့်ရရင် ရှိသမျှ ဘာသာ တွေထဲမှာ ဘယ်ဘာသာက စာမေးပွဲ အတွက် အရေးကြီးဆုံးလဲ ဆိုတာကို စဉ်းစားမယ်။ ဘာသာတိုင်းကတော့ အရေးကြီးတာ မှန်ပေမယ့် တချို့ဘာသာတွေက ကိုယ့်အတွက် အရေးကြီးရင် ကြီးနေမယ်။ ဥပမာ tuto လွတ်ဖူးတာတွေရှိမယ်၊ ဒီဘာသာက ဘာသာတွေထဲမှာ အခက်ဆုံးဘာသာလည်း ဖြစ်ရင် ဖြစ်မယ်

မေးခွန်းလည်း ခဏခဏ သတ်တယ်လို့ အဘွားကြီးတွေက ပြောတာကြားဖူးတယ်။ အဲ့ဒီလို ဘာသာမျိုးပေါ့။ အဲ့ဒီတို့ ဘာသာမျိုးကို အရင်ကျက်မယ်၊ ပြီးရင် ဒုတိယ အရေးကြီးဆုံး၊ တတိယအရေးကြီးဆုံးကနေ နောက်ဆုံး သိပ်ပြီးတော့ အရေး မကြီးတဲ့ ဘာသာထိ အစဉ်လိုက်လေ့လာမယ်။

## ၂ - အင်တာနက်သုံးတဲ့ အချိန် ကန့်သတ်ထားမယ်

ကျွန်တော်တို့ခေတ်က ဒီနေ့ခေတ်တွေလောက် အင်တာနက်ကို ဈေး ပေါပေါနဲ့ မြန်မြန် အလွယ်တကူသုံးလို့ မရသေးပါဘူး။ ဒါတောင် ကျွန်တော် တို့ သုံးဖြစ်ပါတယ်။ ဒီနေ့ခေတ်မှာတော့ အင်တာနက် အရမ်းသုံးတာက တစ်ခါတလေ focus ထားတာကို နှောင့်ယှက်ပါတယ်။ အဲ့ဒါကြောင့် တစ်နေ့ ကို အချိန် ၁ နာရီလောက်ပဲ ကန့်သတ်ပြီး သတင်းကြည့်တာ သူငယ်ချင်းတွေနဲ့ ဆက်သွယ်တာကို လုပ်မယ်။

## ၃ - အရေးကြီးတဲ့ အပုဒ်တွေကို ပိုလေ့လာမယ်

ကျွန်တော့်တုန်းက One night one subject လုပ်ခဲ့တာပေါ့။ ဒါပေမဲ့ အခု လူငယ်တွေကို အဲ့ဒီလိုမျိုး မဖြစ်စေချင်ဘူး။

အဲ့ဒါကြောင့် အရေးကြီးတဲ့ အပုဒ်တွေ ဘာတွေရှိလဲဆိုတာကို အမြဲ နားစွင့်ပါ။ တစ်ခါတလေ ဆရာမ တွေက အတန်းထဲမှာ အရိပ်အမြွက်အနေနဲ့ ပြောသွားတာမျိုးရှိတတ်ပါတယ်။ ဒါမှမဟုတ်လည်း ကိုယ့်ထက် အတန်းကြီးတဲ့ ကျောင်းသားတွေ သူတို့ နှစ်တုန်းက ဘာတွေ မေးလေ့ရှိလဲ မေးကြည့်မယ်။

## ၄ – သူငယ်ချင်းတွေနဲ့ စာသိပ်မလုပ်ဘူး

သူငယ်ချင်းတွေနဲ့ စာသိပ်မလုပ်ဘူးဆိုတာ လုံးဝ မလုပ်ဘူးလို့ ပြောတာ မဟုတ်ပါဘူး။ တစ်ချိန်လုံး မလုပ်ဘူး လို့ ပြောတာပါ။ ကျွန်တော့် အတွေ့ကြုံအရတော့ သူငယ်ချင်း တွေနဲ့ စာလုပ်ဖို့ချိန်းရင် များသောအားဖြင့် ၇၀% သော အချိန်တွေက စာမလုပ်ဖြစ်တာ များပါတယ်။ မုန့်စားလိုက် ဂိမ်းဆော့လိုက်နဲ့ အချိန်ကုန်သွားပါတယ်။

ဒါပေမဲ့ သူငယ်ချင်းတွေနဲ့ စာလုပ်ဖို့လည်း အချိန်လို ပါတယ် အဲ့ဒါမှ ကိုယ်နားမလည်တာ သူ့ကိုမေး၊ သူနားမလည် တာတွေ ကိုယ့်ကို မေးလို့ ရမှာပါ။ ပြီးတော့ သူငယ်ချင်းတွေနဲ့ စာလုပ်တာလည်း ပျော်ဖို့ကောင်းတာ အမှန်ပဲ။ အဲ့ဒီတော့ အချိန်တော်တော်များများကို တစ်ယောက်တည်း အေးအေး

ဆေးဆေး စာလုပ်မယ်၊ မသိတာတွေရှိရင် မှတ်ထားမယ်၊ သူငယ်ချင်းတွေနဲ့ တွေ့ရင် မေးမယ်။

# ကျောင်းပြီးသွားတဲ့နောက်

ကျွန်တော့်ကို မေးတဲ့ မေးခွန်းတွေထဲမှာ သတိထားမိတာ တစ်ခုရှိတယ်။ အဲ့ဒါက အခုလုပ်နေတဲ့ အလုပ်က တက္ကသိုလ်က ရတဲ့ ဘွဲ့နဲ့ မဆိုင်ဘူး ဖြစ်နေတယ်။ ဘယ်လို လုပ်ရမလဲပေါ့?

ဘယ်လိုလုပ်ရမလဲဆိုတော့ အကောင်းဆုံးကတော့ ကိုယ်စိတ်ဝင်စားတဲ့ အလုပ်ကိုပဲ ဆက်လုပ်ဖို့ပဲ။

ကျွန်တော် ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်ကနေ ဉပဒေ ဘွဲ့နဲ့ ကျောင်းပြီးတယ်။ အမှန်အတိုင်းပြောရရင် ကျောင်းတုန်းက သင်ခဲ့တဲ့ အကြောင်းတွေ ကျွန်တော် ဘယ်လောက် မှတ်မိလဲဆိုရင်တော့ ၁ ရာခိုင်နှုန်းတောင် ပြည့်ချင်မှ ပြည့်မယ်။

ရခဲ့တဲ့ ဘွဲ့နဲ့ လုပ်နေတဲ့ အလုပ်မဆိုင်ဘူးဖြစ်နေတာက မြန်မာတစ်နိုင်ငံတည်းမှာ မဟုတ်ဘူး UKမှာ ၅၀ ရာခိုင်နှုန်း

သော ဘွဲ့ရတွေက သူတို့ရတဲ့ဘွဲ့နဲ့ လုပ်နေတဲ့အလုပ် မတူဘူး၊ US မှာလည်း ၂၇ ရာခိုင်နှုန်းသော ဘွဲ့ရတွေကပဲ သူတို့ရတဲ့ဘွဲ့နဲ့ အလုပ်နဲ့တူတယ်။

ကျွန်တော်လည်း အခုလုပ်နေတာတွေက ကျွန်တော်ရတဲ့ ဘွဲ့နဲ့ ဘာမှ မဆိုင်ဘူး။ ကျွန်တော် ပျော်လို့ လုပ်တယ်။ Google, YouTube နဲ့ သူငယ်ချင်းမိတ်ဆွေကောင်းတွေက ကျွန်တော့်ရဲ့ ဆရာတွေပဲ။

ဘာဘွဲ့ရလဲဆိုတာထက် ဘွဲ့ရပြီးတော့ မင်း ဘာတွေကို ဆက်လေ့ လာနေလဲက ပိုအရေးကြီးတယ်။

# MBA တက်သင့်သလား

ကျွန်တော် ဒီအကြောင်းကိုပြောဖို့ မြန်မာငွေ သိန်း ၁၀၀ ဝန်းကျင်နဲ့ အချိန် ၁ နှစ်လောက် ရင်းခဲ့ရတယ်။ လွယ်လွယ်နဲ့တော့ ရခဲ့တာ မဟုတ်ဘူး။

ပတ်ဝန်းကျင်မှာ ကြည့်လိုက်ရင် MBA ရပြီး လက်တွေ့မှာ ပြန်အသုံးချနေသူတွေ ရှိသလို MBA လက်မှတ်ကြီး ကိုင်ပြီး ဘာမှ မသိတဲ့လူတွေ အများကြီးပဲ။ ဘယ်လိုပဲဖြစ်ဖြစ် MBA တက်သူ အများစုရဲ့ ရည်ရွယ်ချက်က ပိုကောင်းတဲ့ အခွင့်အလမ်းတွေကိုရှာဖို့နဲ့ စီးပွားရေးပညာကို လေ့လာဖို့ဆိုတာတော့ ငြင်းလို့မရဘူး။

ကျွန်တော်လည်း ဒီလိုလူတစ်ယောက်မှာ ပါခဲ့တယ်။ ရန်ကုန်မြို့မှာ နိုင်ငံခြားဘွဲ့ MBA တက်ဖို့အတွက် ဆိုရင်

တွေက အချိန်တစ်ခုရောက်ရင် ရပ်သွားမှာ ဖြစ်ပါတယ်။

**အမေး - Hello အစ်ကို! body shaming ခဏခဏ အလုပ်ခံရတယ်အစ်ကို။ အလုပ်ထဲမှာ ဆိုပိုဆိုးပါတယ်။ နာမည်ပြောင်တွေနဲ့ပါ ခေါ်ကြတာ။ အစကတော့ ဂရုမစိုက်ပဲ နေခဲ့ပေမယ့် ကြာလာတော့ အချင်းချင်းတင်မဟုတ်ပဲ လူကြားထဲတွေမှာပါ စသလိုလို၊ နောက်သလိုလိုတွေလုပ်ကြတယ်။**

ကျွန်တော် ပိန်ပါတယ်။ ပိန်တာကို သိသိကြီးနဲ့ အလုပ်ကလူတွေက လူစုံရင် 'မင်းဗလကြီးနဲ့ဆိုတော့ ဒါလုပ်လိုက်' ပြောတယ်။ ဆိုးတာက လာလာနှိုင်းတာပါ။ ကျွန်တော်နဲ့ မဆိုင်ပေမယ့် လူတစ်ယောက်က meeting မှာ သူက ဒီလိုအလုပ်တွေလုပ်ရလို့ ပင်ပန်းတယ်ဆိုပြီးပြောရင် အထက်ကလူကြီးတွေကပါ သူ့ကို 'မင်းလို့များငါးစီးစား မကုန်တဲ့ကောင်တောင် ပင်ပန်းနေတာ ဟိုကောင် ဗိုးဖလန်လောက်ရှိတဲ့ကောင်ကိုလည်းကြည့်ဦး' ဆိုတာတွေ၊ ကိုယ်နဲ့မဆိုင်ပေမယ့် အဲ့လိုပုံစံတွေလည်း ခဏခဏ အပြောခံနေ ရတယ်။

ကြာလာတော့ ကျွန်တော်လည်း အပြင်သွားရင်တောင် ကိုယ့်ခန္ဓာကိုယ်အပေါ် မလုံမလဲတွေဖြစ်ပြီး တချို့ကိစ္စတွေကို

ယုံကြည်မှုတွေလည်း လုံးဝပျောက်ရတယ်။ လူကြားထဲလဲ ခဏခဏ ဖောက်ခံရတယ်။ ကျွန်တော် အလုပ်ထဲမှာ သူတို့ လုပ်သလို လုပ်နိုင်ပါတယ်။ ပိန်လို့ မလုပ်နိုင်ဘူးထင်ပြီး ပြောနေလို့ ကျွန်တော် မခိုမကပ်ဘဲ ပိုလုပ်ပါတယ်၊ ဒါပေမဲ့ အမြဲနေ့တိုင်း နာမည်ပြောင်တွေနဲ့ ပြောနေတော့ တော်တော် ခံရခက်တယ်။ အရင်ကဆို ကျွန်တော် gym သွားဆော့တယ်။ အလုပ်မဝင်ခင်လေးပေါ့။ ယုံကြည်မှုလည်း ရှိပေမယ့် အလုပ် ဝင်ပြီးနောက်ပိုင်း gym တောင် မသွားရဲတော့ဘူး။

ဘယ်လို ဗဟိုဖြတ်ရမလဲ ဆိုတာလေး ပြောပါပေးပါလား အစ်ကို။ အစ်ကို့ video တွေကြည့်ပြီးတော့လည်း တော်တော် ယုံကြည်မှု ပြန်ရပါတယ်။ အခု ကျွန်တော့် case ကတော့ ကျွန်တော့်ကိုတော့ တော်တော်ရှက်စေလို့ပါ။ အကြံလေး နည်းနည်းလောက်ပေးပါနော် အစ်ကို။

အဖြေ - လူတွေကို သိပ်ဂရုမစိုက်နဲ့။ ကျွန်တော်လည်း အပြောခံရတာပဲဗျာ။ ကျွန်တော်ဆို ပိန်တဲ့လူထဲမှာ ပါတယ်။ အဲ့ဒီတော့ ငယ်ငယ်တုန်းကတော့ ဆေးသမားတို့၊ ဂျပိန်တို့ဆိုပြီး အပြောခံရတာ။ တကယ်တော့ လူတွေက ကိုယ့်ကို ဒီလို ပြောနေတာ ဟိုလိုပြောနေတယ်လို့ ထင်တာကိုယ့်ရဲ့ မသိစိတ်

ထဲကပါ။ အဲ့ဒီတော့ ဒါကို စိတ်ထဲ မထားပါနဲ့။ ဒါပေမဲ့လည်း သိတဲ့အတိုင်း လူလောကကြီးမှာ မတစ်ထောင် သား သမီးတွေ အပြည့်နဲ့ဆိုတော့ လူတိုင်းကို ပြုပြင်လို့ မရဘူး။ ကိုယ်လုပ်စရာ ရှိတာပဲ အကောင်းဆုံးလုပ်ပါ။ ကိုယ့်ကို လှောင်ပြောင်တဲ့ လူကို အကောင်းဆုံးတုံ့ပြန်တဲ့နည်းက ပြန်ပြီး အဖက်မလုပ်ခြင်းပါ။ အဆင်ပြေပါစေ။

# (၃)
# ပညာရေးကို ကျွန်တော်ဒီလိုမြင်တယ်

## ဂိမ်းဆိုင်မှ အမေရိကန်သို့

ပြန်တွေးကြည့်ရင် ကျွန်တော် အစိုးရကျောင်းမှာ တက်ခဲ့တယ်။ ၁၀ တန်းအထိ ကျောင်း ၂ ကျောင်း ပြောင်းခဲ့တယ်။ အ.မ.က (၁) လသာနဲ့ အ.ထ.က (၁) လသာပေါ့။ မှတ်မှတ်ရရ ထူးချွန်ဆုတစ်ခု ရခဲ့တယ်။

ဒါပေမဲ့ နောက်ပိုင်းတွေတော့ စာတော်တဲ့ကျောင်းသားတစ် ယောက် မဖြစ်ခဲ့ဘူး။ အဲ့တော့ ၉ တန်း အရောက်မှာတော့ အင်္ဂလိပ်စာ တစ်ဘာသာ ကျက်ရလွယ်တဲ့ Eco ဘာသာတွဲကို ယူဖို့ ပတ်ဝန်းကျင်ရဲ့တိုက်တွန်းမှုနဲ့ ရွေးချယ်ခဲ့တယ်။

၁၀ တန်းကို နှစ်ချင်းပေါက်အောင်တယ်။ ဒါပေမဲ့ အမှတ်အားလုံး နီးပါးက အောင်မှတ်နီးပါးပဲ။

ပြောရမယ် ဆိုရင်တော့ ပတ်ဝန်းကျင်ရဲ့ စကားလုံးတွေနဲ့ အတူ ကျွန်တော့်ဘဝရဲ့ အမှောင်မိုက်ဆုံး အချိန်တွေ ဖြစ်လာခဲ့

တယ်။ ဒါပေမဲ့ အပြောင်းအလဲတစ်ခု ရှိနေခဲ့တယ်။ ကျွန်တော် ၁၀တန်းအောင်ပြီး နွေရာသီကျောင်းပိတ်ရက်တွေမှာ နေ့တိုင်းနီးပါး ဂိမ်းဆိုင်သွားတယ်။

အချိန်အများစု ဂိမ်းဆော့တယ်။ အားတဲ့အချိန်မှာ အင်တာနက်နဲ့ အင်္ဂလိပ်စာကိုလေ့လာတယ်။

ရလဒ်အရ အင်တာနက်နဲ့ အင်္ဂလိပ်စာကြောင့် အာဆီယံနိုင်ငံတချို့နဲ့ အာဖရိကနိုင်ငံတချို့မှာ နည်းပညာနဲ့ပတ်သက်တဲ့ စီးပွားရေးလုပ်ငန်းအသစ်တွေကို ကိုယ်တိုင်ကိုယ်ကျ တွေ့မြင်ခဲ့ရတယ်၊ လေ့လာခဲ့ရတယ်။

Albert Eistein ပြောခဲ့တာ တစ်ခုရှိတယ်။ အဲ့ဒါက ဘာလဲဆိုတော့ လူတိုင်းက ဉာဏ်ကြီးရှင်ပဲ။ ဒါပေမဲ့ ငါးတစ်ကောင်ကို သစ်ပင်တက်တတ်တဲ့ အရည်အချင်းနဲ့ ဆုံးဖြတ်မယ်ဆိုရင်တော့ ဒီငါးက တစ်သက်လုံး အသုံးမကျတဲ့ ငါးတစ်ကောင်ဖြစ်နေမှာပဲ။

# ၁၀ တန်း

လွန်ခဲ့တဲ့ ၁၀ နှစ်က ဆယ်တန်း အောင်စာရင်း ထွက်တဲ့နေ့မှာ ကျွန်တော်လည်း အောင်စာရင်းကို စောင့်ခဲ့ရတဲ့ ကျောင်းသားတစ်ယောက် ဖြစ်ခဲ့တယ်။ ၁၀ တန်းအောင်တော့ ဂုဏ်ထူး မပါခဲ့ဘူး၊ အမှတ်စာရင်းထွက်တဲ့ အခါမှာလည်း ကျွန်တော်က ဘာသာစုံ အောင်မှတ်နီးပါးပဲ။

ဒါကြောင့် ကျွန်တော့်အမေရဲ့ သူငယ်ချင်းတွေနဲ့ ဆွေမျိုးတစ်ချို့က ဆယ်တန်းအောင်စာရင်း ရလဒ်ပေါ်မူတည်ပြီး ကျွန်တော့်ကို ဘဝမှာ ဘာမှ မဖြစ်နိုင်တဲ့ကောင်လို့ မှတ်ချက်ပေးခဲ့ဖူးတယ်။

၁၀ နှစ် အကြာ ဒီနေ့မှာတော့ မတူညီတဲ့နိုင်ငံ ၆ နိုင်ငံကို Scholarship နဲ့ အလုပ်နဲ့ သွားနိုင်ခဲ့ပြီ။

မိဘ အထောက်အပံ့မပါဘဲ ကိုယ်ပိုင်လုပ်ငန်းတစ်ခု လုပ်နေပြီ။ ကျွန်တော် ကြွားပြောနေတာ မဟုတ်ပါဘူး။

ကျွန်တော် ဆိုလိုချင်တာက ၁၀ တန်းဆိုတာ ဘဝကြီး တစ်ခုမဟုတ်ဘူး။ ကျွန်တော့်လိုပတ်ဝန်းကျင်ကို ဂရုမစိုက် တတ်တဲ့ ကောင်တွက်တော့ ဒီစကားလုံးတွေက ဘာမှ မဖြစ် သွားပေမယ့် ၁၀ တန်းမှာ ရလဒ်မကောင်းလို့ဆိုပြီးတော့ ပတ်ဝန်းကျင်ရဲ့ နှိမ်ချတဲ့စကားတွေကြောင့် အနာဂတ် ပျောက် သွားခဲ့တဲ့ လူငယ်တွေ ဘယ်လောက်ရှိမလဲလို့ ဒီလိုမျိုး အချိန် ဆို နှစ်တိုင်းတွေးမိတယ်။

ထပ်ပြီး ပြောရမယ်ဆိုရင် ၁၀ တန်းဆိုတာ ဘဝကြီး မဟုတ်ဘူး။ ကျွန်တော် ၁၀ တန်းအောင်ပြီးတော့ လေ့လာ ခဲ့တာက ကွန်ပြူတာကိုဂိမ်းဆိုင်မှာ လေ့လာတယ်၊ သူငယ်ချင်း တွေနဲ့ အင်္ဂလိပ်စာ လေ့လာတယ်။ ဒီ ကွန်ပြူတာနဲ့ အင်္ဂလိပ်စာ က နောင် ၁၀ နှစ်မှာ ကျွန်တော့်ကို အခုလို နေရာရောက်အောင် အဓိက ကူညီခဲ့တာပဲ။ ကျွန်တော့်လို စာမတော်ခဲ့တဲ့ ကျောင်း သားတစ်ယောက်က တစ်ခုခုကို လုပ်နိုင်ခဲ့ရင် အခု ၁၀ တန်း ပြီးသွားတဲ့ လူငယ်တွေရော ဘာလို့ တစ်ခုခုကို မလုပ်နိုင်ရ မှာလဲ? အချိန်တစ်ခုနဲ့ ကြိုးစား အားထုတ်မှုတော့ လိုတယ်။

# အောင်မြင်ချင်လို့ ကျောင်းထွက်ကြည့်မလား?

အင်တာနက်ပေါ်မှာ (ရေခံမြေခံ မတူတဲ့ ဆီကနေ) အင်္ဂလိပ်ဘာသာကနေ မြန်မာကို ဘာသာပြန်ပြီး ရေးထားတဲ့ တချို့သော motivation စာတွေ ရှိတယ်။ ဥပမာ မက်ဇူကာဘာတ်က ကျောင်းထွက်ပြီး Facebook ထောင်တယ်တို့၊ Bill Gate က ကျောင်းထွက်ပြီး Microsoft လုပ်ငန်း ထောင်တယ်တို့။ မမှားပါဘူး။ သူတို့ထွက်တဲ့ကျောင်းက ကမ္ဘာကျော် ဟားဗတ်တက္ကသိုလ်၊ နေတာက အမေရိကန်နိုင်ငံ။

ဒီလိုမျိုး (တိုက်ရိုက်ဘာသာပြန်ပြီး) ကြည့်ကောင်းတဲ့ အပိုင်းလေးတစ်ခုကိုပဲ ရေးနေတာက တချို့သော လူငယ်တွေအတွက် အယူမှားရင်တလွဲဖြစ်နိုင်တယ်လို့ မြင်တယ်။ တစ်ချိန်က အဲ့လို အယူမှားတဲ့ လူငယ်တွေထဲမှာ ကျွန်တော်လည်း ပါခဲ့ဖူးတယ်။

ဒီလိုအောင်မြင်နေတဲ့ မက်ဇူကာဘတ်တို့ Bill Gate တို့က တစ်ခေတ် တစ်ယောက်လူတွေပဲလို့ ကျွန်တော်ကတော့ ယူဆတယ်။ ဒါပေမဲ့လည်း သူတို့ရဲ့ ကြိုးစားအားထုတ်မှုကြောင့် ဖြစ်လာခဲ့တာတော့ ငြင်းလို့မရဘူး။ ဒါက အဓိကပဲ။

တကယ်က အမေရိကန်လို ဖွံ့ဖြိုးပြီးနိုင်ငံမှာ ကျောင်းထွက်နှုန်းက ၈ ရာခိုင်နှုန်းအထိရှိတယ်။ ဒါနဲ့ ပတ်သက်ပြီး ကျွန်တော် ဖတ်ဖူးတဲ့ စာတစ်ကြောင်းကို တော်တော်ကြိုက်လို့ပြော ချင်တယ်။ 'သင်္ဘောတစ်စီးမြုပ်သွားလို့ အသက်ရှင်ကျန်ရစ်သူတွေက ဘုရားစာရွတ်လို့ သူတို့ အသက်ချမ်းသာ ရခဲ့တယ်လို့ ဆိုတယ်။ ဒါပေမဲ့ ရေနစ်သွားခဲ့တဲ့ လူတွေကလည်း သူတို့ နောက်ဆုံးအချိန်အထိ ဘုရားစာရွတ်ချင် ရွတ်နေမှာ။ ဒါပေမဲ့ သူတို့မှာ ပြောဖို့ အခွင့်မရှိတော့ဘူးလေ။

မြန်မာပြည်မှာဖြစ်ဖြစ် အမေရိကန်မှာဖြစ်ဖြစ် တစ်ကမ္ဘာလုံးမှာ ဘွဲ့မရဘဲ အောင်မြင်နေတဲ့လူတွေ အများကြီးပါ။ ဒါပေမဲ့ ဘွဲ့ရပြီး အောင်မြင်နေသူတွေက အများကြီး အများကြီး ပိုများတယ်။

အထွေထွေ ကုန်ကျစရိတ်ပါ အပါဆိုရင် အနိမ့်ဆုံး သိန်း ၁၀၀ ဝန်းကျင်လောက်ကစပြီး ကုန်မယ်။

လုပ်ငန်းတစ်ခုခုမှာ Management role ကို ရောက်ချင်တယ်ဆိုရင်တော့ MBA ရှိခြင်း မရှိခြင်းက အနည်းနဲ့အများ စကားပြောသွားပြီ။ MBA မရှိဘဲနဲ့ လုပ်နေသူတွေလည်း ရှိတယ် ဒါပေမဲ့ ရှားတယ်။ Personal Finance ရှုထောင့်က ကြည့်မယ်ဆိုရင်တော့ တကယ်လို့ ကိုယ်က MBA ရှိပြီး တစ်လကို သိန်း ၂၀ လောက်ရမယ်၊ လူနေမှုပုံစံကို သာမန်ပဲ နေမယ် ဆိုရင်တော့ တစ်နှစ်လောက်ဆို အရင်းကျေနိုင်တယ်။ ဒါပေမဲ့ အလုပ်အတွေ့အကြုံ မရှိဘဲနဲ့တော့ MBA ရထားလည်း တစ်ခါတည်း ရာထူးအမြင့်ကြီး တန်းရနိုင်မှာ မဟုတ်ဘူး။

ကျွန်တော်ကတော့ MBA တက်ခဲ့တယ်။ လေ့လာတယ်။ ကြိုက်တာတွေလည်း ရှိတယ်၊ မကြိုက်တာတွေလည်းရှိတယ်။ ဒါပေမဲ့ ဘွဲ့စာရွက်ရဖို့အတွက် Assignment တွေ အများကြီး ရေးရမယ့် အချိန်ကို ကျွန်တော် Video တွေလုပ်တယ်၊ Script ရေးတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒါက ကျွန်တော့်အတွက် ပိုပြီး အရေးကြီးတယ်လို့ ခံစားရလို့။ လောလောဆယ် ကျွန်တော် MBA ခဏနားထားတယ်။ နောက်ပိုင်းတော့

ကျွန်တော် လေ့လာထားကြောင်းကို အသိအမှတ်ပြုမှုရဲ့ ဘွဲ့လက်မှတ်ရဖို့ အတွက်တော့ ပြန်ပြီးတော့ တက်မယ်။

အဲ့တော့ MBAတက်သင့်လား မတက်သင့်လား ဆိုတာ တော့ သူများကို မေးမနေဘဲ ကိုယ့်ကိုယ်ကိုယ် ပြန်သုံးသပ် သင့်တယ်။ ငါ ဘာလုပ်ချင်လဲ?

သေချာတာကတော့ MBA တက်လိုက်တာက မြန်မာ နိုင်ငံတော့တဲ့ ရင်းနှီးမြှုပ်နှံမှုမျိုးဖြစ်တဲ့ ကားတစ်စီး ဝယ်တာ ထက်တော့ ပိုပြီး တန်ဖိုးရှိတာ အသေအချာပဲ။

# ဘာတွေကို လေ့လာရမလဲ

အခုခေတ်မှာ လေ့လာ သင်ယူစရာတွေ အများကြီး ရှိတယ်။ အကုန် သင်မယ်ဆိုရင် သင်လို့ကို ပြီးမှာ မဟုတ်တော့ဘူး။ အဲ့တော့ ကိုယ့်အတွက် အကောင်းဆုံးဖြစ်မယ့် အရာကိုပဲ လေ့လာဖို့ လိုမယ်လို့ ကျွန်တော်က ထင်တယ်။

ကျွန်တော်ကတော့ အသစ် အသစ်တွေကို လေ့လာရတာ ကြိုက်တယ်။ ဒါပေမဲ့ အခြေခံ critieria ၂ ချက်ရှိတယ်။ ကျွန်တော် လေ့လာရမယ့် အကြောင်းအရာက အနည်းဆုံး ၁ နှစ်အတွင်း တစ်ခုခုပြန်ရ ရမယ်။ နောက်တစ်ခုက ဒီ ပညာရပ်က အနည်းဆုံး ၁၀ နှစ်တော့ ခံရမယ်။ ဆိုလိုချင်တာက ပြောင်းလဲနေတဲ့ ခေတ်နဲ့ လျော်ညီရမယ်။

ကျွန်တော်လေ့လာနေတာက အင်္ဂလိပ်စာလေ့လာတယ်၊ နည်းပညာနဲ့ ကွန်ပြူတာသိပ္ပံ လေ့လာတယ်၊ တရုတ်စာလည်း လေ့လာဖို့ စဉ်းစားတယ်၊ MBA တက်တယ်။ ဒါတွေက အနာဂါတ်မှာ ဆက်ရှိမှာ။ နောက် ၁၀ နှစ်ထိလည်း ရှိနိုင် ဦးမယ်။

တချို့အရာတွေကို လုပ်ဖို့ဖြစ်ဖြစ် စဖို့ဖြစ်ဖြစ် စိတ်မဝင် စားဘူး။ဘာလို့ဆို သူတို့က နည်းပညာပြောင်းလဲမှုနဲ့ အတူတူ ပျောက်သွားမှာမို့လို့။ ဥပမာ ဖုန်းတွေ ဈေးပေါလာလို့ လမ်း ဘေးဖုန်းဆိုင်တွေ ပျောက်သွားတယ်၊ အင်တာနက်တွေ အလွယ်တကူ ရပြီးနောက်ပိုင်း စာအုပ်ဆိုင်တွေ ပျောက်သွား တယ်။ အခု သတင်းစာ ဂျာနယ်တွေတောင် မဖတ်တော့ဘူး။ တချို့ အလုပ်တွေဆိုလည်း အလိုအလျှောက်အလုပ်လုပ်တဲ့ စက်တွေနဲ့ အစားထိုး လာနိုင်တော့မယ်။ အဖြစ်အပျက်ဖြစ်ရင် ဆူနာမီတိုက်သလိုပဲ အရမ်းမြန်မယ်။ လမ်းဘေး ဖုန်းဆိုင်တွေ စာအုပ်ဆိုင်တွေ ဘယ်လောက်မြန်မြန်ပျောက်သွားခဲ့လဲ ကြည့် ရင် သိနိုင်မယ်။

## ကျွန်တော် ပြည်ပမှာ ဘာလို့ ကျောင်းတက်ချင်လဲ

ကျွန်တော့်မှာ အိပ်မက်တစ်ခုရှိတယ်။ အဲ့ဒါကတော့ တစ်နေ့ကျရင် ဖွံ့ဖြိုးမှုနဲ့ပတ်သက်တဲ့ မဟာဘွဲ့တစ်ခုကို နိုင်ငံတကာ တက္ကသိုလ်ကြီးတွေမှာ တက်ချင်တယ်လို့ ရည်မှန်းထားတယ်။

ခုလောလောဆယ်တော့ အဲ့ရည်မှန်းချက်ကို အကောင်အထည် မဖော်နိုင်သေးပါဘူး။ မကြာတော့တဲ့အချိန်မှာတော့ Scholarshipတစ်ခုခုနဲ့တော့ အကောင်အထည်ဖော်နိုင်မယ်လို့တော့ ယုံကြည်တယ်။

ကျွန်တော် နိုင်ငံတကာ တက္ကသိုလ်ကြီးတွေမှာ တက်ချင်တဲ့ ရည်ရွယ် ချက်က နှစ်ခုရှိတယ်။ ပထမတစ်ခုကတော့ ကိုယ့်ကိုယ်ကိုယ် ပိုကောင်းတဲ့ လူတစ်ယောက်ဖြစ်အောင်

လုပ်ချင်တယ်။ နောက်တစ်ခုကတော့ ကျွန်တော်နဲ့ စိတ်တူ ကိုယ်တူသူငယ်ချင်းတွေ အဲ့တက္ကသိုလ်တွေမှာ တွေ့နိုင်မယ်။ ကျောင်း ပြီးသွားတဲ့အခါမှာလည်း မြန်မာနိုင်ငံရဲ့ ဖွံ့ဖြိုးတိုး တက်မှုအပိုင်းတွေမှာ ပြန်လည် လုပ်ဆောင်နိုင်မယ်လို့ ယုံ ကြည်တယ်။

# အင်္ဂလိပ်စာကို နေးတစ်စပီကာလိုဖြစ်အောင် ဘယ်လိုလုပ်ရမလဲ

တချို့ အင်္ဂလိပ်စာ လေ့လာနေတဲ့သူတွေ ပြောကြတာတော့ နေးတစ် စပီကာ အသံထွက်မှ အဆင်ပြေမယ်ပေါ့။ ကျွန်တော် ထင်တာကတော့ နေးတစ်စပီကာအသံထွက်ဖို့က သိပ်ပြီးတော့ အရေးမကြီးဘူး။ ဘာဖြစ်လို့လဲ ဆိုတော့ 'နေးတစ်စပီကာအသံ' ဆိုတာကိုက တကယ်မရှိလို့ဘဲ။

အမေရိကန်ပြည်ထောင်စု၊ အင်္ဂလန် စတဲ့ အင်္ဂလိပ်စာ ဘာသာ စကားကို တွင်တွင်ကျယ်ကျယ် အသုံးပြုတဲ့ နိုင်ငံတွေ မှာတောင် နေရာဒေသ အပေါ်မူတည်ပြီး လေယူလေသိမ်း ကွာခြားမှုရှိပါတယ်။

ပြီးရင် ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ဆိုရင်တောင်မှ အထက်မြန်မာပြည်နဲ့ အောက်မြန်မာပြည် မြန်မာဘာသာစကား ပြောရင်တောင် လေယူလေသိမ်း ကွာခြားပါတယ်။

ကျွန်တော့် အင်္ဂလိပ်စာကလည်း သိပ်အကောင်းကြီး မဟုတ်ပါဘူး။ ဒါပေမဲ့ ကျွန်တော်လူတိုင်းနဲ့ အခက်အခဲမရှိ ပြောဆိုနိုင်တယ်။ အဓိက အရေးကြီးဆုံးကတော့ အင်္ဂလိပ်စကားလုံး ဝေါဟာရကြွယ်ဝဖို့နဲ့ အထစ်အငေါ့မရှိ အဆက်မပြတ် ပြောနိုင်ဖို့ပါပဲ။

နေးတစ်စပီကာ အသံထွက်နိုင်ရင်တော့ ပိုကောင်းတာပေါ့။ သေချာတာတစ်ခုက နိုင်ငံတကာ အခွင့်အလမ်းတွေက အင်္ဂလိပ်စာကို နေးတစ်စပီကာလို ပြောတတ်တဲ့သူကို ဦးစားပေးတာမဟုတ်ဘဲ ကိုယ့်အတွေ့အကြုံအရ ကိုယ့်အမြင်တွေကို အင်္ဂလိပ်ဘာသာနဲ့ သူတို့နားလည်အောင် သေချာရှင်းပြနိုင်သူတွေကို ဦးစားပေးတာတော့သေချာတယ်။

ထပ်ပြီးတော့ ပြောရမယ်ဆိုရင် အင်္ဂလိပ်စာနဲ့ ပညာရေးနဲ့က တိုက်ရိုက် အချိုးမကျဘူး။ ဒါပေမဲ့ နိုင်ငံတကာ အခွင့်အလမ်းတွေ၊ ပညာရေးတွေကို လေ့လာဖို့လိုအပ်တယ်ဆိုရင်တော့ အင်္ဂလိပ်စာက သိပ်ကို အရေးကြီးသွားပါပြီ။

မနည်းဘူးဆိုရင် အကြိမ်၃၀ ထက်မနည်း လျှောက်ခဲ့ရတာတွေ ရှိတယ်။ အကြီးမားဆုံး အမှားကို ပြောပါဆိုရင် ကျွန်တော့် နယ်ပယ်နဲ့ မဆိုင်တဲ့ကျောင်းတွေကို လျှောက်မိတာရှိတယ်။ ငယ်ငယ်က Scholarship ရချင်ဇောနဲ့ ကျွန်တော်နဲ့ မဆိုင်တဲ့ လူ့အခွင့်အရေး (Human Right)တို့ လိုဟာတွေကို လျှောက်မိတာရှိတယ်။ အဲ့တော့ မရဘူးပေါ့။ ဒါကိုလည်း ကျွန်တော် လက်ခံလို့ရတယ်၊ ဘာလို့လဲ ဆိုတော့ ကျွန်တော်က နည်းပညာနဲ့ စီးပွားရေး နယ်ပယ်ကကိုး။

နောက်တစ်ခုမှားခဲ့တာက ကျွန်တော် Template တွေ ရေးပြီးတော့ copy paste လုပ်ခဲ့မိတယ်။ ကျွန်တော် Scholarship တစ်ခုကို လျှောက်လိုက်တယ်၊ နောက် Scholarship တစ်ခုကိုလည်း အဲ့အတိုင်း Copy-paste လိုက်တယ်ပေါ့။ ဒီအမှားကနေ သိလိုက်တာက customize လုပ်ရမယ်၊ ကိုယ် လျှောက်တဲ့ Programme ရဲ့ vision? mission ကိုက်ညီမယ့်ဟာကို ရေးရမယ်ဆိုတာပဲ ဖြစ်ပါတယ်။

နောက်တစ်ခု အကြံပေးချင်တာက ကိုယ့်ကိုယ်ကိုယ် သိအောင် အရင်လုပ်ရပါမယ်။ ကိုယ်ဘာကို လျှောက်ချင်လဲပေါ့။ အဓိကက နှစ်ပိုင်းရှိမယ်။ တစ်ပိုင်းက အချိန်ကာလပေါ့၊

# Scholarship လျှောက်တော့မယ်ဆိုရင်

ကျွန်တော် ပညာတော်သင်ဆု (Scholarship) ရခဲ့တာက ကျွန်တော့်ဘဝကို အများကြီး ပြောင်းလဲသွားခဲ့တယ်လို့ ခံစားရတယ်။ လွယ်လွယ်ကူကူနဲ့ ရခဲ့တာတော့ မဟုတ်ဘူး။

ကျွန်တော် Scholarshipတွေကို စပြီးလျှောက်ခဲ့တာက ၂၀၁၃ ခုနှစ် ကနေ ၂၀၁၉ ခုနှစ်အထိပေါ့။ ဒီကာလအတွင်းမှာ အကြီးမားဆုံးရခဲ့တာ ပြောပါဆိုရင် USမှာ YSEALI Professional Fellowship မှာ ရွေးချယ်ခံရတယ်။ အစ္စရေးနိုင်ငံမှာ Technology System တွေကို သွားရောက် လေ့လာခဲ့ရတာရှိတယ်။ ပြီးတော့ အခြား Programme သေးသေးလေးတွေ ရခဲ့တာမျိုးရှိတယ်။ ၂ ရက် ၃ ရက်တွေလည်း ရှိတာပေါ့။

အဲ့ဒါတွေကို ကျွန်တော် တစ်ခါတည်းလျှောက်ပြီး ရခဲ့တာလားဆိုရင်တော့ မဟုတ်ဘူး။ ၆ နှစ်တာကာလအတွင်းမှာ

စိတ်မမြန်ဘဲ ငါးနှောက်နေမှ လုပ်မယ်လေ ရပါတယ်ဆိုပြီး ရွှေ့သွားရင် ဘယ်တော့မှလုပ် ဖြစ်မယ့်ကိစ္စ မဟုတ်တော့ဘူး။ ဘယ်အချိန်တွေမှာ စိတ်ရှည်သင့်သလဲဆိုရင် အောင်မြင်ဖို့ ဘွဲ့ရဖို့၊ ချမ်းသာဖို့၊ စတဲ့ အကြောင်းတွေမှာ စိတ်ရှည်သင့်တယ်။ ဒီအကြောင်းအရာတွေက နေ့ချင်းညချင်း ဘယ်လိုမှ တည်ဆောက် မရလို့ဘဲ။ ပြီးတော့ သူငယ်ချင်း သံယောဇဉ် ဆိုရင်လည်း စိတ်ရှည်သင့်တဲ့ထဲမှာ ပါတယ်။ ဒီလို သူငယ်ချင်း သံယောဇဉ် ဖြစ်လာဖို့ အချိန်တွေ အများကြီးပေးပြီး တည်ဆောက်ခဲ့ရတယ်။ စိတ်မြန်လက်မြန်ရှိရင်တော့ ဒီ သူငယ်ချင်း သံယောဇဉ်က အချိန် စက္ကန့်ပိုင်း အတွင်းမှာ ပျက်စီးသွားနိုင်တယ်။

ကျွန်တော် စိတ်ရှည်သင့်တဲ့ အရာတွေကို စိတ်မရှည်ခဲ့ဖူးသလို စိတ်မြန်သင့်တဲ့ အရာတွေမှာ မမြန်ခဲ့ဖူးဘူး။ လူတစ်ယောက်မှာ ဒီ ၂ မျိုးလုံးကို အခြေအနေ အချိန်အခါပေါ်မူတည်ပြီး အသုံးချနိုင်တဲ့ အရည်အချင်းရှိသင့်တယ်။

## Copy

ကျွန်တော်တို့ ပတ်ဝန်းကျင်မှာ ပြောနေကြစကားရှိတယ်၊ 'ဟာ အိုင်ဒီယာ ခိုးခံရပြီကွာ'

ကျွန်တော်လည်း အရင်က ဒီလိုမျိုးတွေးဖူးတဲ့ လူတစ်ယောက် ဖြစ်ခဲ့တယ်။

ကျွန်တော့်ကို အခုလာပြီးတော့ မင်းလုပ်သမျှက ၁၀၀% အစစ်လား ဆိုရင် မဟုတ်ဘူးလို့ ပြောမယ်။ ကျွန်တော်လည်း ကျွန်တော် အားကျရတဲ့ လူတွေရဲ့အငွေ့အသက်တွေ မသိမသာဖြစ်ဖြစ်၊ သိသိသာသာဖြစ်ဖြစ် ဖုံးလွှမ်း ခံထားရတယ်။

ဥပမာဗျာ - PUBG, Fortnight and Call of Duty Battle Royalတစ်ခုပေါ်ရင် နောက်ထပ်တစ်မျိုးက ပေါ်လာတာပဲ။ ကစားပုံကလည်း တူတူပဲ။

Grab ဆိုရင်လည်း Uber,Didi စတဲ့ Taxi ခေါ် App တွေရဲ့ လိုအပ်ချက်တစ်ခုကို မြင်ပြီး စခဲ့တယ်။ Facebook ကလည်း MySpace, Friendster စတဲ့ လူမှုကွန်ရက် လုပ်ငန်းတွေနဲ့မတူဘဲ တက္ကသိုလ်ကျောင်း သားတွေအတွက် သီးသန့် လူမှုကွန်ရက် အနေနဲ့ စခဲ့တယ်။

ဖုန်းလုပ်ငန်းတစ်ခုက Face Sensorအသစ်နဲ့ ထုတ်တယ်ဆိုရင် နောက်လုပ်ငန်းတွေကလည်း အပြိုင်အဆိုင် ဒီနည်းပညာကို လိုက်မှီတဲ့နည်းပညာ ဒါမှမဟုတ် ပိုအဆင့်မြင့်တဲ့ နောက်နည်းပညာကို ထုတ်ဖို့ ကြိုး စားတယ်။

ဒါတွေ အားလုံးကို ပြောရမယ်ဆိုရင် Inspirational point လို့ ကျွန်တော် သုံးနှုန်းချင်တယ်။

ဒါပေမဲ့ Inspirational point ကြီးရှိပြီး အဲ့ဒါကို အလုပ်မလုပ်ရင်လည်း ဘာမှ ဖြစ်မှာ မဟုတ်ဘူး။ ကျွန်တော်တို့ ငယ်ငယ်တုန်းက ဆံပင်ညှပ်ရင် ခွေးကေ ခေတ်စားတယ်။ ဒါပေမဲ့ သိတဲ့အတိုင်း ခွေးကေ ညှပ်ရုံနဲ့တော့ ခွေးမဖြစ်။ မင်းက မင်းပါပဲ။

## ဂရုစိုက်မနေနဲ့

ကျွန်တော် ပြောမယ်။ လူတွေက မင်းရဲ့ အကြောင်းတွေ အတင်းတုတ်နေတယ် ထင်လား?

ကျွန်တော်လည်း ဖြစ်ခဲ့ဖူးတယ်။ လူတွေက ကိုယ့်အကြောင်း အတင်းတုတ်ခံရတယ်လို့ ခံစားရပြီး နောက်ပိုင်းမှာ စိတ်ဓာတ်ကျတယ်။ စိတ်ညစ်တယ်။ ဘယ်သူမှ ကျွန်တော့်ဘက်မှာ မရှိတော့ဘူးလို့ ထင်လာတယ်။

ဒါပေမဲ့ ကျွန်တော် ဖတ်ခဲ့ဖူးတဲ့ ဒီ စာစုလေးတစ်ခုက ကျွန်တော့်ကို အများကြီး ပြောင်းခဲ့တယ်။

အဲ့ဒါကတော့…

ဝန်ထမ်းတစ်ယောက်က သူဌေးတစ်ယောက်ကို ပြောတယ်။ တခြား ဝန်ထမ်းတွေက သူ့အကြောင်းကို အတင်း

ပြောနေတယ်တဲ့။ အဲ့တော့… သူဌေးက သူ့ကို ရေခွက်ထဲ ရေအပြည့်ထည့်၊ ရုံးတစ်ပတ်လျှောက်၊ ရေမဖိတ်အောင် ယူခဲ့လို့ ပြောလိုက်တယ်။

ဝန်ထမ်း သူဌေးအခန်းထဲကို ပြန်ရောက်တော့ သူဌေးက မေးလိုက်တာက ကျန်တဲ့ လူတွေက မင်းရေခွက်သယ်နေတဲ့ အချိန်မှာ ဘာတွေပြောနေလဲ…

ဝန်ထမ်းကလည်း ကျွန်တော် ရေခွက်ထဲက ရေ မဖိတ်အောင် အာရုံစိုက်နေရလို့ မကြားမိဘူးလို့ ပြန်ပြောလိုက်တယ်။

ဒီစာစုရဲ့ အနှစ်သာရက ရှင်းတယ်။ ကိုယ်က တစ်ခုခုကို သေချာအာရုံစိုက်နေရင် ပတ်ဝန်းကျင်က စကားတွေကို ကြားတော့မှာ မဟုတ်ဘူး။ ပတ်ဝန်းကျင်ရဲ့ အတင်းတွေကို ကြားနေရတယ်ဆိုတာက ကိုယ့်ရဲ့ ရည်ရွယ်ချက် သို့မဟုတ် လုပ်နေတဲ့ အလုပ်ကို အာရုံစိုက်မနေလို့ပဲ။

# မင်း Suicide မလုပ်သင့်ဘူး

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရဲ့ စစ်တမ်းအရ ကမ္ဘာပေါ်မှာ လူဦးရေ သန်း ၃၀၀ ကျော်လောက်က depression ဝင်နေတယ်လို့ ပြောထားပါတယ်။ ဒါက အမေရိကန် တစ်နိုင်ငံစာလောက် လူဦးရေ ရှိပါတယ်။ ပြီးတော့ ထပ်ပြီး ဝမ်းနည်းစရာ ပြောရမယ်ဆိုရင် အဲ့ဒီလူတွေထဲက ၈ သိန်းလောက်က နှစ်စဉ် ကိုယ့်ကိုကို အဆုံးစီရင် သွားကြတာပဲဖြစ်ပါတယ်။

Suicide လုပ်ဖို့ စဉ်းစားတာ ဒီလူတွေတင် မကဘူး။ ကျွန်တော်လည်း ပါခဲ့တယ်။ ကျွန်တော် ဆယ်ကျော်သက်အရွယ်တုန်းက Suicideလုပ်ဖို့ စဉ်းစားခဲ့ဖူးတယ်။ ကျွန်တော့်ရဲ့ ၁၀ တန်းစာမေးပွဲရလဒ်ကို ကြည့်ပြီး ကျွန်တော့်ရဲ့ သူငယ်ချင်းတွေနဲ့ ဆွေမျိုးတချို့က ကျွန်တော့်ကို ဘဝမှာ ဘာမှ သုံးလို့

ရမယ့်ကောင် မဟုတ်ဘူးလို့ ပြောလို့ ဆယ်ကျော်သက် လူငယ်တစ်ယောက်အနေနဲ့ ခံစားရခဲ့တယ်။ သူတို့ရဲ့ စကားလုံးတွေထဲမှာ ကျွန်တော့်ဘဝက ဘာမှ မရှိတော့ဘူး။ ဒါပေမဲ့ ကံကောင်းခဲ့တာက သူငယ်ချင်းတွေက ခေါ်လို့ အင်တာနက်ဆိုင်မှာ ဂိမ်းဆော့ရင်းနဲ့ ခံစားချက်တွေကို အာရုံပြောင်းခဲ့တယ်။ တကယ်လို့ ကျွန်တော်သာ စောစောစီးစီး ဘဝကို အရှုံးပေးခဲ့မယ်ဆိုရင် ဒီနေရာအထိ ရောက်လာခဲ့မှာ မဟုတ်ဘူး။

မြန်မာနိုင်ငံမှာ Suicideလုပ်တာ တကယ့် ပြဿနာကြီးတစ်ခုဖြစ်နေတယ် ဆိုတာ သိသာတယ်။ WHOရဲ့ ထုတ်ပြန်ထားချက်အရ တစ်ကမ္ဘာလုံးမှာ လူ ၁ သိန်းမှာ ၁၁ ယောက်ကပဲ သတ်သေပြီးတော့ မြန်မာပြည်မှာတော့ လူ ၁ သိန်းမှာ ၁၁ ယောက် အထိ ရှိတယ်။

Suicideလုပ်တာ တကယ်တော့ ဟာသကိစ္စမဟုတ်ဘူး။ ပေါပင်လည်း မဟုတ်ဘူး။ ဘယ်သူ့အမှားမှ မဟုတ်ဘူး။ ဒါပေမဲ့ တကယ်လို့ မင်း လုံးဝ စိတ်ဓာတ်ကျနေမယ် ဒါမှမဟုတ် စိတ်ဓါတ်ကျနေတဲ့ လူတစ်ယောက်ယောက် ရှိနေတယ်ဆိုရင် လူတွေနဲ့ ဆက်သွယ်ပေးပါ။ တစ်ခုခု အသစ်အဆန်းလုပ်ပါ။ မင်း ဘဝကို အဆုံးသတ်လိုက်တာက အဖြေတစ်ခု

# Project Win အမေးအဖြေ - ၂

**အမေး** - လူတွေက မိမိအပေါ်ကောင်းမှန်း မကောင်းမှန်း ဘယ်လိုသိနိုင်မလဲ။ ကျွန်တော့်စိတ်နဲ့ဆို သူတို့က ကောင်းတဲ့ အခါလည်း ကောင်းကြတယ် မကောင်းတဲ့အခါလည်း မကောင်းကြ။ အဲ့ဒါတွေက မိတ်ဆွေအစစ် သူငယ်ချင်း အစစ် တွေ ဖြစ်နိုင်မလား။

**အဖြေ** - ကျွန်တော်ကတော့ လူတိုင်းကို အမှတ်ပေးစနစ်နဲ့ သွားတယ်။ စစချင်းကတော့ အမှတ် ၁၀၀ ပေးထားတယ်။ နောက်ပိုင်းမှာမှ တဖြည်းဖြည်းချင်း လျှော့လျှော့သွားတယ်၊ သူကောင်းတယ်ဆိုရင် အမှတ်တိုးပေးလိုက်တယ်။

**အမေး - တစ်ခါတလေ ကိုယ့်အနီးအနားက လူတွေနဲ့ စကား များပြီး မကျေနပ်စရာလေးတွေရှိလို့ မခေါ်မပြောဖြစ်တယ်**

အဲ့နောက်ပိုင်း ဒီလူက ငါ့ကို ဒီလိုလုပ်တယ်၊ ငါလည်းသူ့ကို ပြန်လုပ်မယ်။

ဥပမာ-အခန်းဖော် ကိုယ်အိပ်နေတာ သိရက်နဲ့ သီချင်းတွေဖွင့် စကားတွေပြော။ တစ်နေ့ သူအိပ်နေတဲ့အချိန် ငါလည်း ပြန်လုပ်မယ်လို့ တွေးနေမိတယ်။ သူ ဘာလုပ်လုပ် ကိုယ့်ကို တမင်ရွဲ့စောင်းတယ်ပဲ မြင်လာတယ်။ တစ်နည်းအားဖြင့် အငြိုးကြီးတယ်လို့လည်း ပြောလို့ရမယ်ထင်တယ်။ အဲ့သလို မျိုးတွေဆို ဘယ်လိုစိတ် မွေးရမလဲ၊ ဘယ်လို တွေးရင် အကောင်းဘက် ရောက်သွားမလဲ သိချင်ပါတယ်။

**အဖြေ** - အကောင်းမြင်တွေးပါ။ ဒါပေမဲ့ လူဆိုတာ တစ်ခါ တလေကျရင် ကိုယ့်ကိုလုပ်တာ မဟုတ်ရင်တောင် ကိုယ်က ဒီလူကို မသိစိတ်ထဲမှာ မကျေနပ်ဘူးဆိုရင် ငါ့ကို လုပ်နေပြီ လားဆိုပြီး တွေးတတ်တဲ့ အမျိုးပါ။ အဲ့ဒီတော့ ကြိုးစားပြီး အကောင်းတွေးပါ (သို့) လျစ်လျူရှုကြည့်ပါ။

ဥပမာ - သူက သီချင်းဖွင့်တယ်ဆိုရင် ကိုယ်က နားကြပ်တပ်ပြီး မကြားအောင် နေလိုက်တာမျိုးပေါ့။ ဒီလို အရွဲ့တိုက်သူတွေက တကယ်တော့ ကိုယ်ပိုင်ယုံကြည်မှု အားနည်းသူတွေပါ။ သူတို့ကို လျစ်လျူရှုခြင်းအားဖြင့် ဒီလုပ်ရပ်မျိုး

မဟုတ်ဘူး။ အချိန် ၁ မိနစ်လောက်ပေးပြီး သူငယ်ချင်းတစ်ယောက်ကို ရင်ဖွင့်လိုက်ပါ။

'ရခဲလှတဲ့ ဘဝကို လွယ်လွယ်နဲ့ သတ်သေပြီးတော့ အရှုံးမပေးကြပါနဲ့.'

လို့ရသေးတဲ့ အချိန်မှာတော့ ကိုယ်တတ်နိုင်တဲ့ဘက်ကနေပြီး တော့ နိုင်တာတွေကို ဆွဲတင်တာပေါ့။

ဒါ့ကြောင့် လူငယ်တစ်ယောက်အနေနဲ့ တကယ့်တကယ် ဖြစ်လာခဲ့တဲ့ တစ်နေ့ကျ အသုံးဝင်အောင် ဘေးအန္တရာယ် ခံရနိုင်ခြေနည်းတဲ့ နိုင်ငံတွေကို ပြောင်းရွှေ့အခြေချဖို့ ဘာလုပ် ထားလဲဆိုတော့ ပညာဖြည့်ထားတယ်၊ အခုလဲ ဖြည့်နေဆဲပါ။

အနာဂတ်က ကြောက်စရာကောင်းပါတယ်။ အခုချိန်မှာ ဒီအကြောင်းတွေက သိပ္ပံရုပ်ရှင်ဆန်ဆန် ဖြစ်နေပေမယ့် နောက်ထပ် ၁၅ နှစ်လောက် အတွင်းမှာ ဖြစ်ကောင်း ဖြစ်လာနိုင်ပါတယ်။

ဘေးအန္တရာယ်နည်းနိုင်တဲ့ နိုင်ငံစာရင်းတွေကတော့ - အမေရိကန်၊ ကနေဒါ၊ ချီလီ၊ ဩစီ၊ နယူးဇီလန်၊ ဂျပန်၊ တောင်ကိုရီးယားနဲ့ အနောက်ဥရောပနိုင်ငံများဖြစ်ပါတယ်။

## ကိုးကား

*https://www.businessinsider.com/best-countries-escape-climate-change-map-2018-1*

# (၇)

# ဒိုင်တံ

# Internet ပေါ်က အဆိပ်

မြန်မာနိုင်ငံက အင်တာနက် စာမျက်နှာတွေပေါ်မှာ ကိုယ့်ရဲ့ ဗဟုသုတ လေ့လာမှုတွေအပေါ် အဆိပ်အတောက် ဖြစ်စေမယ့် အမှိုက်တွေ တစ်နေ့တခြား များလာပါတယ်။

ပုံမှန်အားဖြင့် လူတစ်ယောက်က တစ်နေ့ကို smart phone ပေါ်မှာ တစ်နေ့ကို အချိန် ၃ နာရီခန့် ကုန်ဆုံးနေတတ်ပါတယ်။ အဲ့ဒီအချိန် ၃ နာရီ ခန့်ရဲ့ ထက်ဝက်ကျော်ကျော် အချိန်က အင်တာနက်ကို အသုံးပြုပြီးတော့ အင်တာနက် အသုံးပြုနေတဲ့ အချိန်တော်တော်များများကလည်း Facebook မှာ ကျွန်တော်တို့ရဲ့ အချိန်တွေကုန်ဆုံးနေပါတယ်။

အခု ကျွန်တော့်ရဲ့ စာဖတ်သူက အင်တာနက် သုံးနေတဲ့ အချိန်မှာ ဘာတွေကြည့်နေလဲဆိုတာ ကျွန်တော် လုံးဝမသိနိုင်

# Facebook ကနေ
# ဘယ်လို အခွင့်အလမ်းတွေရှာမလဲ

၂၀၁၂ တုန်းက Facebook မှာ သိတဲ့ သူငယ်ချင်းတွေ နဲ့တော်လို့ Yangon Youth Network ဆိုတဲ့ အဖွဲ့မှာ ပါခဲ့တယ်။ နောက်ပိုင်း ၂၀၁၃ မှာ Yangon Youth Forum ရဲ့ Organizer အဖွဲ့ထဲမှာ ပါခဲ့တယ်။ ဒီ အတွေ့ကြုံက ကျွန်တော့်ဘဝကို ပြောင်းစေခဲ့တယ်။ မြန်မာနိုင်ငံရဲ့ ပထမဆုံး အွန်လိုင်းသိပ္ပံ မှုခင်းကို Facebook ပေါ်ကနေပြီးတော့ ထုတ်ဖြစ်တယ်။ ဒီ Facebook ကြောင့်ပဲ အလုပ်တွေရတယ်။ အသိတွေ တိုး လာတယ်။ ကျွန်တော်သွားသင့်တဲ့ Event တွေကို Facebook ကနေတွေ့ပြီး သွားဖြစ်တယ်။ နောက်ဆုံး အမေရိကန်နဲ့

အစွရေးနိုင်ငံတွေမှာ ပညာသင်သွားဖို့ အခွင့်အလမ်းကိုလည်း Facebook ကနေ တစ်ဆင့်ပဲ တွေ့ခဲ့တယ်။

ဒါတွေ အားလုံး သိဖို့ကို ကျွန်တော် Facebook ကို ပိုက်ဆံတစ်ပြား မှ မပေးခဲ့ရဘူး။ နှစ်ခုပဲ လုပ်တယ်။ MYEO လို Page မျိုးကို Like လုပ်ထားတယ်။ အကောင့်အစစ်နဲ့ သုံးတဲ့လူတွေကိုပဲ Friend လုပ်တယ်။

အခွင့်အလမ်းတွေကို ကျွန်တော်တို့ကိုယ်တိုင် ရှာပြီး ကျွန်တော်တို့ ဘဝကို ပြောင်းနိုင်ဖို့ သေချာသုံးတတ်ရင် Facebook က ကူညီနိုင်တယ်။ ပုံမှန်ထက် နည်းနည်းလေး ကြိုးစားအားထုတ်ဖို့က ကျွန်တော်တို့တာဝန်ပဲ။

# ဘယ်သူတွေ စာအုပ်တွေကို မဖတ်ဘဲ ဝယ်ပြီး သိမ်းထားလဲ?

လူတော်တော်များများ ပြောတာ ကြားဖူးတယ်။ နည်းပညာပစ္စည်းတွေက လူငယ်တွေကို အချိန်ကုန်စေတယ်။ အကျိုးမရှိဘူး စသည်ဖြင့်ပေါ့။ ဒီအစား အကျိုးရှိအောင် စာအုပ်စာပေတွေ ဖတ်ရမယ်လို့ ပြောတယ်။

မြန်မာစကားပုံမှာလည်း 'စာအုပ်စာပေ လူ့မိတ်ဆွေ' ဆိုတာရှိတယ်။ အဲ့တော့ တစ်ခုခုလေ့လာချင်ရင် စာအုပ်ကိုပဲ ဖတ်ရတော့မှာလား?

ကျွန်တော် ငယ်ငယ်က စာအုပ်အငှားဆိုင်မှာ စာအုပ်တွေ နေ့တိုင်း ငှားဖတ်တယ်။ နောက်တော့ American Center က Library မှာ ဖတ်တယ်။ အရမ်းကြိုက်တာတွေဆို ဝယ်ပြီး တော့ ဖတ်တယ်။

ဝန်ခံရရင် ဒီနောက်ပိုင်း စာအုပ် မဖတ်ဖြစ်တော့ဘူး။ ရန်ကုန်မှာဖြစ်ဖြစ် နိုင်ငံခြားမှာဖြစ်ဖြစ် လိုချင်တဲ့ စာအုပ်တွေရင် ဝယ်ဖြစ်တယ်။ ဒါပေမဲ့ ဘယ်တော့မှ အပြီးထိ မဖတ်ဖြစ်ဘူး။ တချို့တွေဆို ဝယ်ပြီးကတည်းကစလို့ ဖတ်ကို မဖတ်ဖြစ်ဘူး။

ကျွန်တော် စာအုပ်မဖတ်ဖြစ်ပေမဲ့ တစ်ဖက်မှာ အွန်လိုင်းပေါ်က စာဖတ်ဖြစ်တယ်။ Facebook ပေါ်က Page တွေ ပညာရှင်တွေကို Follow လုပ်ထားတယ် Group တွေမှာ ဆွေးနွေးဖို့ Join ထားတယ်။ များသောအားဖြင့် သတင်း website နဲ့ quora လို forum မျိုးတွေမှာ ဖတ်ဖြစ်တာ များတယ်။ YouTube မှာ tutorial video တွေကြည့်တယ်။

စာအုပ်ဆိုတာ တစ်ခေတ်တစ်ခါက တီထွင်ထားခဲ့တဲ့ ပညာဗဟုသုတတွေမျှဝေဖို့ ဖန်တီးထားတဲ့ medium ကြားခံတစ်ခုလို့ မြင်တယ်။ အခုခေတ်မှာတော့ စာအုပ်၊ ဖုန်း၊ ကွန်ပြူတာ၊ Kindle ဘာနဲ့ ဖြစ်ဖြစ် ဗဟုသုတတွေကို လေ့လာလို့ ရနိုင်ပြီ။

ဒါပေမဲ့လည်း တချို့စာတွေက အကြောင်းအမျိုးမျိုးကြောင့် လောလောဆယ် အင်တာနက်မှာ ဖတ်လို့မရဘဲ စာကြည့်တိုက်တွေမှာ ဖတ်မှ ဖြစ်နိုင်မယ့် စာအုပ်တွေလည်း ရှိတယ်။ ဒီလို

စာအုပ်တွေအတွက် Digitalize လုပ်ပေးမယ် ဆိုရင်တော့ အချိန်မရွေး နေရာမရွေးဖတ်ဖို့ ဖြစ်နိုင်မယ်လို့ မြင်မိတယ်။ ဘာနဲ့ ဖတ်လဲဆိုတာ အရေးမကြီးဘူး ဘာကို ဖတ်လဲဆိုတာ အရေးကြီးတယ်။

# သင် ဘာကြောင့် အလုပ်ပြုတ်နိုင်လဲ

ကျွန်တော် အင်တာနက်ပေါ်မှာ အကြောင်းအရာတစ်ခုကို ဖတ်လိုက်ရတယ်။ အဲ့ဒါက နည်းပညာကြောင့် စီးပွားရေးပုံစံဟောင်းတွေ တဖြည်းဖြည်း ပျောက်လာတာကို ဖတ်လိုက်ရတာ။

Thomas Cook ဆိုတာ ကမ္ဘာပေါ်မှာ နှစ်ပေါင်း ၁၇၈ နှစ်တိုင် ခရီးသွားလုပ်ငန်းနဲ့ဆိုင်တဲ့ စီးပွားရေးတွေကို လုပ်ဆောင်နေတဲ့ လုပ်ငန်းကြီးတစ်ခုပါ။ ဒါပေမဲ့ နည်းပညာခေတ်ပြောင်းကို မလိုက်နိုင်တဲ့အတွက်ကြောင့် လုပ်ငန်းစုကြီးတစ်ခုလုံးကို ပိတ်သိမ်းလိုက်ရပါပြီ။ အဲ့ဒီအတွက်ကြောင့် သူ့ရဲ့ customer ပေါင်း ၆ သိန်းကျော် ဒုက္ခရောက်နေရပြီးတော့ ဝန်ထမ်းပေါင်း ၂ သောင်း ၂ ထောင်ကျော်ကလည်း အလုပ်လက်မဲ့ဘဝကို ရောက်သွားပါတယ်။

နောက်ထပ်အနေနဲ့ပြောရင် နည်းပညာပြောင်းလဲမှုတွေမှာ နောက်ကျကျန်ခဲ့လို့ တိမ်မြုပ်ခဲ့ရတဲ့ ကုမ္ပဏီဆိုရင် Kodak

# ကျွန်တော် ဘာကြောင့် YBS စီးတာလဲ

ကျွန်တော် တစ်နေ့ကို သွားလာစရိတ် ပျမ်းမျှ ၆၀၀ ကျပ်ကနေ ၈၀၀ ကျပ်ကြား ကုန်တယ်။ အဲ့တော့ တစ်လဆိုရင် ၃ သောင်းဝန်းကျင်လောက်။ တချို့အချိန်တွေ Taxi စီးတာတော့ ရှိတယ်။

တကယ်လို့ ကျွန်တော်သွားတဲ့ နှုန်းအတိုင်းသာ အမြဲတိုင်း Taxi စီးရင် ပျမ်းမျှအားဖြင့် တစ်နေ့ကို အနည်းဆုံး ၅,၀၀၀ ကနေ ၇,၀၀၀နီးပါး ကျနိုင်မယ်။ တစ်လဆိုရင် အနည်းဆုံး ၁ သိန်းခွဲကနေ ၂ သိန်း ၁ သောင်း။

Bus ကားစီးလို့ အိမ်က စောစောထွက်ဖြစ်တယ်။ နောက်ကျတတ်တဲ့ အကျင့်မရှိတော့ဘူး။ အချိန် ၁၅ မိနစ်

လောက်ကလည်း ကျွန်တော့်ဘဝကို အများကြီး မပြောင်းလဲစေဘူး။

Bus ကားစီးလို့ တခါတလေတော့ စည်းကမ်းမရှိတဲ့လူတွေ အဲကွန်း မှန်တံခါး ဖွင့်စီးသူတွေတော့ ရှိတယ်။ ကျွန်တော်က bus ကားစီးတာကို ရှက်စရာလို့ မထင်ဘူး။ တစ်လတိုင်းမှာ ဒီလို transportation အသုံးစရိတ်ကြောင့် ပိုက်ဆံ ၁ သိန်းကျော် ပိုထွက်လာတယ်။ အဲ့ဒီ ၁ သိန်းကျော်က တချို့လူတွေအတွက်တော့ ဘာမှမဟုတ်ပေမယ့် ကျွန်တော်က ကျွန်တော့်အမေအတွက် အမှတ်တရ ပစ္စည်းတစ်ခုခု ဝယ်ပေးဖြစ်တယ်။

# မမွဲအောင် ဘယ်လိုလုပ်မလဲ?

ကျွန်တော်တို့ ပထမဆုံး လစာရတဲ့နေ့ကို မှတ်မိဦးမှာပါ။ ဒီလစာက ၈ သောင်းလည်း ဖြစ်ချင်ဖြစ်မယ်၊ ၁ သိန်းခွဲလည်း ဖြစ်ချင်ဖြစ်မယ်၊ ဒီ့ထက် လည်း ပိုချင်ပိုမယ်။ ဘယ်လောက်ပဲရရ ဒီပမာဏလေးက ကျွန်တော်တို့အတွက် တကယ့်ကို တန်ဖိုးရှိတဲ့ ပမာဏပဲ။ ဘာလို့လဲဆိုတော့ အရင်တုန်းက ဝင်ငွေ တစ်ပြားမှ မရှိတဲ့ လူကနေ အနည်းဆုံးတော့ ကိုယ်ပိုင်ဝင်ငွေကို ရှာနိုင်ခဲ့ပြီ။ ဒီပိုက်ဆံတွေနဲ့ ကျွန်တော်တို့ အိပ်မက်တွေဆီ အကောင်အထည်ဖော်ဖို့ ခြေတစ်လှမ်း တိုးနိုင်ခဲ့ပြီ။

ဒါပေမဲ့ အချိန်နည်းနည်း ကြာပြီးတဲ့နောက်မှာတော့ ကျွန်တော်တို့ ပြောင်းလဲလာတယ်။ အရင်တုန်းက ဝင်ငွေမရှိတဲ့ လူတစ်ယောက် ဘဝလို မဟုတ်တော့ဘူး။ အနိမ့်ဆုံးဆို တက္ကစီလောက်ပဲ စီးလာမယ်၊ လိုင်းကား မစီးချင်တော့ဘူး၊

နာမည်ကြီး Brandတွေကို စမ်းဝယ်ကြည့်တော့မယ်။ အချိန် အတိုင်းအတာ တစ်ခုကြာတဲ့အခါ ကျွန်တော်တို့ ရာထူးတိုး သွားမယ်၊ ဒါမှမဟုတ် အလုပ်ပြောင်းချင် ပြောင်းသွားမယ်။ ပြီးတော့ လစာလည်း ပိုတိုးလာတယ်။ ဒီတိုးလာတဲ့ လစာ နောက်မှာပဲ နည်းနည်း ဈေးကြီးတဲ့ဆိုင်တွေမှာပဲ စားမယ်၊ လစာ ၅ သိန်းလောက်ရပေမယ့် ကိစ္စမရှိဘူး နောက်ဆုံးပေါ် iPhone ကို ပိုက်ဆံချေးပြီး ဝယ်လိုက်မယ်။ iPhone အသစ်မှာ application တွေ နည်းနည်းလေးပိုမြန်လာမယ်။ gameဆော့ ရတာလည်း နည်းနည်းလေး ပိုကောင်းလာမယ်၊ ပိုကောင်းတဲ့ Camera ပါလာလို့ ကိုယ့်ပုံ selfieတွေ တင်ရင် Facebook ပေါ်က သူငယ်ချင်းတွေ သဘောကျလာနိုင်တယ်။

တဖြည်းဖြည်းနဲ့ သိလာတာက လစာတွေသာမြင့်လာမယ်၊ ကျွန်တော် တို့ ဘဝတွေ ဘာမှ မပြောင်းလဲဘူး။ အိပ်မက်တွေကို အကောင်အထည် မဖော်နိုင်သေးဘူး၊ နောက်ဆုံးပေါ်တန်ဖိုးကြီး ပစ္စည်းတွေ အစုံတော့ ကျွန်တော်တို့ဆီမှာ ရှိထားတယ်။ ဒီနေရာမှာပဲ ဒီအလုပ်ကို လုပ်နေရသေးတယ်၊ ပိုက်ဆံတွေလည်း ချေးထားလို့ ကျွန်တော်တို့ မုန်းတဲ့အလုပ်ကိုလည်း မထွက်ရဲ ဘူး။ ပြဿနာတစ်ခုပဲ။ လစာတွေ တဖြည်းဖြည်း ကောင်းလာ

ပေမယ့် ကျွန်တော်တို့ တဖြည်းဖြည်း ပိုပြီးမွဲလာတယ်။ ခရီးတွေ သွားချင်တယ်၊ ကိုယ်ပိုင်လုပ်ငန်း စချင်တယ်။ တကယ်လို့ ကျွန်တော်တို့ ပိုက်ဆံတွေ များများရှိလာရင် အခွင့်အရေးတွေ များများလည်း ရှိလာရမှာပေါ့။ ဘာလို့ ကျွန်တော်တို့ အခုထိ မလုပ်နိုင်သေးတာလဲ?။

ဒါ့ကြောင့် ကျွန်တော် ယုံကြည်တာက ပိုက်ဆံဆိုတာ ဘယ်တော့မှ လိုက်လို့ဆုံးတဲ့ အရာမဟုတ်ဘူး။ လစာတွေ များလာတယ်၊ တစ်ချိန်တည်းမှာပဲ ဈေးပိုကြီးတဲ့ ပစ္စည်းတွေ ဝယ်လာတယ်။ ဒါက Marketing သမားတွေနဲ့ စီးပွားရေးသမားတွေက ကျွန်တော်တို့ အိတ်ကပ်ထဲက ပိုက်ဆံထွက်အောင် လှည့်စားတဲ့ ထောင်ချောက်ထဲကို ရောက်နေတာ။ အဲ့လို မဖြစ်အောင် ဘယ်လို လုပ်မလဲ? အရိုးရှင်းဆုံး မေးရရင် တစ်လကို ဘယ်လောက်အသုံးစရိတ်ရှိရင် လုံလောက်လဲလို့ တွက်ဖူးလား?

ကျွန်တော် ဝန်ထမ်းလုပ်တိုင်းမှာ ရတဲ့ လစာရဲ့ ၁၀% ကို စုတယ်။ ဒီ ၁၀% ကို စုတာ အသေးစားရင်းနှီးမြှုပ်နှံဖို့ စုတာ။ ၆ လ ကြာတိုင်းမှာ ဒီ စုထားတဲ့ ပိုက်ဆံနဲ့ ကျွန်တော့်အတွက် လောလောဆယ် မဟုတ်ရင်တောင် တစ်နေ့နေ့မှာ

ဝင်ငွေပြန်ရနိုင်တဲ့ အရာတွေမှာ ရင်းနှီးမြှုပ်နှံတယ်။ ဥပမာ သင်တန်းတက်တာတို့၊ ပိုကောင်းတဲ့ ကင်မရာ ဝယ်လိုက်တာတို့ စသည်ဖြင့်ပေါ့။ ကျန်တဲ့ ၇၀% က တစ်လလုံး သုံးတယ်။ Nighoutထွက်တာတွေပါ အပါအဝင်ပဲ။ နောက် ၂၀%ကတော့ အိမ်ကို ပေးတယ်၊ လိုအပ်တဲ့ နေရာကို လှူတယ်၊ ထောက်ပံ့တယ်။

မသုံးမဖြုန်းနိုင်တာ ကိစ္စမရှိဘူး။ ပိုက်ဆံသုံးနိုင်လို့ အနားကပ်နေတဲ့ လူတွေက ကျွန်တော်တို့ မွဲသွားရင်လည်း ကျွန်တော်တို့ အနားက ခွာသွားဖို့ ရာခိုင်နှုန်းများတယ်။ ကိုယ့်အနာဂတ်ကို ကိုယ်တိုင်ပဲ ရေးရမှာ။ ဒီစာက ကပ်စေးနဲဖို့ ပြောတာမဟုတ်ဘူး၊ လိုအပ်တာထက် ပိုမသုံးမိဖို့ အသိပေးတာပါ။

# သူများအချိန်ကို ဘာကြောင့် မဖြုန်းသင့်လဲ?

ကျွန်တော်တို့တွေ ပစ္စည်းတစ်ခုခုကို ဝယ်ပြီဆိုရင် ပိုက်ဆံနဲ့ ပေးရတယ်လို့ မြင်တတ်တယ်။ ဒါပေမဲ့ တကယ့်တကယ်တွက်ကြည့်ရင် ကျွန်တော်တို့ ဝယ်လိုက်တဲ့ ပစ္စည်းတွေက ကျွန်တော်တို့ အချိန်နဲ့လဲပြီး ရလိုက်တဲ့အရာတွေပါ။

ဥပမာ - ၉ နာရီကနေ ၅ နာရီအထိ အလုပ်လုပ်တဲ့ လစာဝင်ငွေ ၅ သိန်းရနေသူ တစ်ယောက်အတွက်ဆိုရင် တစ်နာရီကို ၃,၁၂၅ ကျပ် ရပါတယ်။

၃ ထောင်တန် ကော်ဖီတစ်ခွက်သောက်ဖို့ အချိန် ၁ နာရီ အလုပ်လုပ် ရမယ်။

၁၅,၀၀၀ တန်တဲ့ ညစာမျိုး စားဖို့ အချိန် ၅ နာရီ အလုပ် လုပ်ရမယ်။

EDM FESTIVAL VIP Ticket ၇ သောင်းတန် ဝယ်ဖို့ အတွက်ဆိုရင် ၃ ရက် နီးပါးလောက် အလုပ်လုပ်ရမယ်။

၁ သိန်းခွဲတန် အခန်းခ ပေးဖို့အတွက်ဆိုရင် ၆ ရက်လောက် အလုပ် လုပ်ရမယ်။

၂ သိန်းခွဲတန် သင်တန်းတတ်ဖို့ အတွက်ဆိုရင် ၂ ပတ်ကြာ အလုပ်လုပ် ရမယ်။

၅ သိန်းတန် ဖုန်းတစ်လုံး ဝယ်ဖို့ဆိုရင် အချိန် ၁ လ အတိအကျ အလုပ်လုပ်ရပေမယ့် နောက်ဆုံးပေါ် iPhone 11 Pro ဝယ်ဖို့ ဆိုရင်တော့ အချိန် ၅ လ အလုပ်လုပ်ရမယ်။

ဒီ ပမာဏတွေက မစားမသောက်ဘဲ အသားတင်ရတဲ့ ဝင်ငွေပေါ်မှ တည်ပြီး တွက်ထားတာပါ။

ဆိုလိုချင်တာက ဒါတွေကိုဝယ်နိုင်ဖို့ ကျွန်တော်တို့ လုပ်အားနဲ့အချိန်နဲ့ကို ရင်းလိုက်ရပါတယ်။ ပိုက်ဆံဆိုတာ အချိန်နဲ့ လုပ်အားရှိရင် ပြန်ရှာလို့ ရပါတယ်။ အချိန်ကတော့ ပြန်ရှာလို့ မရပါဘူး။ ဒါကြောင့် သူများရဲ့အချိန်ကို မဖြုန်းပါနဲ့။ မီတင်နောက်ကျတာ ဒါမှမဟုတ် အနားနီးမှကပ်ပြီးတော့ ဖျက်တာတွေက သူများရဲ့အချိန်ကို ဖြုန်းတာပါ။ သူများပိုက်ဆံကို ချေးထားရင်လည်း အချိန်မီပြန်ပေးပါ။ ဘာကြောင့်လဲဆိုတော့ ဒါက သူတို့ရဲ့အချိန်နဲ့ ရင်းပြီး ရထားတဲ့ အရာတစ်ခုမို့လို့ပါ။

# ပိုက်ဆံလား? သူငယ်ချင်းလား?

ပိုက်ဆံနဲ့ သူငယ်ချင်းဆိုတာ တကယ့်တကယ် ဘယ်ဟာ တန်ဖိုးရှိတယ် ဆိုတာ ဝေခွဲရခက်ပါတယ်။

ဘာ့ကြောင့်လဲဆိုတော့ နှစ်ခုလုံးက သာတူညီမျှပဲ တန်ဖိုးရှိတယ်လို့ ကျွန်တော်က ယူဆလို့ပါ။ ဒါပေမဲ့ ကျွန်တော်ထင်တာကတော့ ကျွန်တော့်အနေနဲ့ ပိုက်ဆံမရှိဘဲ နေလို့ရပေမယ့် သူငယ်ချင်းကောင်း မရှိဘဲနဲ့တော့ နေလို့မရဘူး။ ပိုက်ဆံတွေ အများကြီး ချမ်းသာနေပေမယ့် ကိုယ်တစ်ယောက်တည်း ဖြစ်နေရင်ကော ဘယ်လိုလုပ်မလဲ။

ပြောရမယ်ဆိုရင် ဒီနေ့ခေတ်မှာ သူငယ်ချင်းကောင်းတွေက ရှာရခက် တယ်။ သူတို့က ကျွန်တော်တို့ရဲ့ ခံစားချက်တွေကို နားထောင်တယ်၊ ကျရှုံးချိန်မှာ အတူရှိတယ်၊ အောင်မြင်ဖို့အတွက်လည်း အတူတူကြိုးစားတယ်။

တကယ်လို့ ကျွန်တော်တို့ဆီမှာ ပိုက်ဆံတွေ အများကြီး ရှိရင်လည်း အရမ်းကောင်းတာပါပဲ။ လိုချင်တာတွေဝယ်မယ်၊ ကားတွေဝယ်မယ်၊ ကွန်ဒိုတွေ ဝယ်မယ်၊ ခရီးသွားချင်တာတွေ သွားလို့ရမယ်။ ဒါပေမဲ့ အဲ့တာတွေက ကျွန်တော်တို့ကို ပျော်ရွှင်မှုတွေပေးနိုင်မှာလား။

တချို့တွေ ပြောတာကြားဖူးတယ်၊ သူငယ်ချင်းတွေနဲ့ အလုပ်မလုပ်နဲ့၊ ဘာဖြစ်လို့လဲ ဆိုတော့ ကွဲတတ်တယ်။ ကျွန်တော် ၅၀% အထိ လက်ခံတယ်။ နောက် ၅၀% က ဘာကြောင့် သူငယ်ချင်းတွေ ဘာ့ကြောင့် ကွဲလည်းဆိုတော့ သူငယ်ချင်းတွေက သူငယ်ချင်း သံယောဇဉ်ထက် ပိုက်ဆံကို ပိုပြီး အာရုံစိုက်ကြလို့ ကွဲကြတယ်လို့ မြင်တယ်။ အဲ့ဒီမှာ ငါ ဒီလောက် ရသင့်တယ်၊ သူက ဒီလောက် ရသင့်တယ်ဆိုပြီး ပြောရင်းနဲ့ အငြင်းပွားမှုတွေက စလာတယ်။ ပြီးတော့ အဲ့လို အငြင်းပွားမှုတွေကတစ်ဆင့် သူငယ်ချင်းသံယောဇဉ်တွေ ပြောင်းသွားခဲ့တယ်။

အဲ့လို တကယ်လို့ အဲ့အနေအထားတစ်ခု ရောက်နေတဲ့ သူတွေကို ကျွန်တော် အကြံတစ်ခု ပေးချင်တယ်။ ကိုယ်က သူ့ထက်မသာဘူး၊ သူက ကိုယ့်ထက်သာတယ်တွေ ဖြစ်နေရင်

ပြန်စဉ်းစားကြည့်ပါ။ တကယ်လို့ ဒီ သူငယ်ချင်းသာ မရှိဘူး ဆိုရင် ကိုယ် ဒီလိုအနေအထားကို ရောက်နိုင်လား။ ဒါမှမဟုတ် ကိုယ် ဒီလိုအခြေအနေရောက်လာဖို့ အတူတူရုန်းကန်ခဲ့တဲ့ လူတစ်ယောက်ကို ကန်ထုတ်လိုက်တာ ဒီလူအတွက် တရားမျှတ ရဲ့လား။ ဒါမှမဟုတ် ကိုယ့်ဘက်က အရှုံးချည်းပဲ တရားမျှတမှု လုံးဝမရှိဘူးဆိုရင်တော့ တစ်မျိုးပေါ့။

အဲ့တာကြောင့် သူငယ်ချင်းတွေကို ပိုက်ဆံထက် ပိုပြီး တန်ဖိုးထားတယ်။ ပိုက်ဆံရှိရင် ပျော်ရွှင်မှုတွေကို ခဏတော့ ရနိုင်ပေမယ့် သူငယ်ချင်းတွေလို စစ်မှန်တဲ့ နွေးထွေးမှုတွေတော့ မရနိုင်ဘူး။

## Project Win အမေးအဖြေ - ၄

အမေး - အသက်က ၂၈ ဝန်းကျင်ရှိပြီဗျ။ အခု အလုပ်လုပ်နေတာက လစာက သုံးသိန်း ဝန်းကျင်ပါဗျ။ တစ်ခါတစ်ခါ တွေးမိတာက အလုပ်ကထွက်ပြီး အခြားပညာရပ်တွေ ဆက်လက် လေ့လာရမလား၊ ကိုယ်ဝါသနာပါရာပေါ့နော် ဒါမှမဟုတ် သိပ်မပျော်တော့တဲ့ ဒီအလုပ်ကိုပဲ ဆက်ပြီးလုပ်သင့်လားဗျ။ ဆရာ့အကြံလေး သိချင်ပါတယ်ဗျ။

အဖြေ - ကျွန်တော်ကတော့ ပိုက်ဆံက စားဖို့၊ နေဖို့၊ သောက်ဖို့ကလွဲရင် သိပ်ပြီး တန်ဖိုးမရှိဘူးလို့ ခံယူထားတယ်။ အဲ့ဒီတော့ ပျော်တဲ့အလုပ်ကို လုပ်တယ်။ ကျွန်တော့်ရဲ့ ပျော်ရွှင်မှုက Online ပေါ်မှာ လူတွေကို ကိုယ်သိတဲ့ အကြောင်းတွေ ကျွန်တော့်ရဲ့ ခံယူချက်တွေကို မျှဝေရတာပဲ။ အဲ့ဒီတော့ မပျော်တဲ့ နေရာမှာ မနေနဲ့ဗျာ။ ဘဝဆိုတာ တစ်ကြိမ်ပဲနေရမှာ။

မျှော်ပဲ အချိန်တွေအကုန်ခံပြီး အသက်ကြီးသွားမှ နောင်တ ရမှာလား စဉ်းစားကြည့်ပါ။

**အမေး - ညီမ သိတဲ့ အောင်မြင်တဲ့ လူငယ်တချို့ဆို သူများတွေ အဆင်ပြေ ချောမွေ့နေတဲ့အချိန် ဝါသနာပါတာတွေအတွက် ကြိုးစား ရုန်းကန်နေရတဲ့ အချိန်မှာ သူတို့က စမ်းတဝါးဝါး ဖြစ်နေတုန်း၊ လမ်းပျောက်နေတုန်း။ ဒါပေမဲ့ တစ်ချိန်မှာ တစ်ဟုန်ထိုး အောင်မြင်သွားကြတယ်။**

ဥပမာ Active English &JU Founder ကိုဇင်ဇေလွင် ပေါ့။ အဲ့လိုမျိုး လမ်းတွေပျောက်ခဲ့ပြီးမှ တစ်ရှိန်ထိုး အောင်မြင် လာဖို့အတွက် ဘယ်လို အရည်အချင်းမျိုး လိုအပ်တာလဲ။ ဘာတွေက သူ့ကို အားပေးအားမြှောက် ဖြစ်စေတာလဲ။ ကိုယ့် ကိုယ်ကိုယ် အားမရမှုတွေကြောင့်လားရှင့်။

Ps. ညီမ ကိုယ်တိုင်လည်း ခုချိန်မှာ ဝါသနာပါတဲ့ အလုပ်ကို လုပ်ဖို့ အဆင်မပြေ ဖြစ်နေတဲ့ အချိန်မျိုး ဖြစ်နေ လို့ပါ။

**အဖြေ** - လူတိုင်းမှာ ကိုယ့်အခြေအနေနဲ့ ကိုယ်ရှိပါတယ်။ ကျွန်တော်ဆို Online မှာ အတိုင်းအတာတစ်ခုထိ လူငယ်တွေ

ကို sharing လုပ်နိုင်ပါတယ်။ ဒါပေမဲ့ ဝင်ငွေရမှုဆိုရင် ကျွန်တော့်သူငယ်ချင်း တော်တော်များများ ကျွန်တော့်ထက် ဝင်ငွေများပါတယ်။ ဒါပေမဲ့ ကျွန်တော်က ကိုယ်လုပ်ချင်တာ ယုံကြည်တာကို လုပ်ပါတယ်။ အကြံပြုချင်တာက ချမ်းသာပြီးသား မဟုတ်ရင်တော့ ငွေကြေးအတိုင်းအတာ တစ်ခုထိ ရောက်အောင် တခြားအလုပ်တွေလုပ်ပြီး ငွေစုပါ။ ပမာဏ တစ်ခုရောက်လို့ ကိုယ့်ရဲ့ အခြေအနေကိုလည်း ယုံကြည်ပြီဆိုရင် ငယ်တုန်းမှာ စွန့်စားကြည့်ပါ။

**အမေး** – ပိုက်ဆံ မရှာနိုင်သေးပါဘူး။ တစ်လကို တစ်သိန်းခွဲနီးပါး မိဘပိုက်ဆံ ထိုင်ဖြုန်းပြီး ကျူရှင်တက်နေရပါတယ်။ တက်ချင်စိတ်ကလည်း Zero ပါပဲ။ ကျူရှင်ကလည်း တစ်နေကုန်၊ ကျောင်းကလည်း တစ်နေကုန် နားရက် မရှိပါဘူး။ မနက် မိုးလင်းကနေ မိုးချုပ်ထိ ကျောင်းပြီးရင် ကျူရှင်၊ ပြီးရင်အိမ်နဲ့ပဲ အချိန်ကုန်နေရပါတယ်။ စာမေးပွဲအတွက် သူများကျောင်းသားတွေလိုမျိုး ယုံကြည်မှုကလည်း အပြည့်မရှိပါဘူး။ အချိန်ရှိရင် အစ်ကိုနဲ့ ဆွေးနွေးမှုလေး လုပ်ချင်ပါတယ်။ ကိုယ်တိုင် ဖြစ်ချင်တဲ့အရာကို ရင်ထဲမှာပဲ သိမ်း

ထားပြီး မိဘတွေရဲ့ဆန္ဒကို လိုက်လျှောနေရင်းပဲ တစ်နေ့တစ်နေ့ အချိန် ကုန်နေရတာပဲ ၁၀ နှစ်မက ရှိနေပါပြီ။

အခြေ - ကျောင်းတက်နေရတာ ရင်းနှီးမြှုပ်နှံမှုတစ်ခုပေါ့။ ဒါက ဖြုန်းနေတာမဟုတ်ပါဘူး။ တစ်ခုတော့ရှိတယ်။ ကျောင်းပြီးသွားရင် မိဘက ကိုယ့်ကို ပြုစုပျိုးထောင်ပေးခဲ့တာကို ဘယ်လိုမျိုး ပြန်ပေးဆပ်မလဲ စဉ်းစားဖို့ပဲ။ ငွေနဲ့လား စိတ်ချမ်းသာမှုနဲ့လား အမျိုးမျိုးပေါ့။ ကျွန်တော် ကျောင်းမပြီးသေးခင်အထိ ဘာမှသိပ်လုပ်ခွင့်ရခဲ့တာ မရှိဘူး။ ကျောင်းပြီးသွားရင်တော့ ရုန်းကန်ဖို့ စပြီး ပြင်ထားတော့ပေါ့ဗျာ။

## (၅)

## Relationship အကြောင်းပြောရမယ်ဆိုရင်

# အသည်းကွဲတာကို ဘယ်လို ကုစားမလဲ?

လူတိုင်း အသည်း ကွဲဖူးကြလိမ့်မယ်။ အသည်းကွဲတယ်ဆိုတာ ကိုယ့်ချစ်သူနဲ့ အကြောင်းမတိုက်ဆိုင်တော့လို့ လမ်းခွဲလိုက်တော့တာပဲ ဖြစ်ဖြစ်၊ ကိုယ့်ရဲ့ crush က ငြင်းလိုက်တာပဲဖြစ်ဖြစ်၊ ဒီ အသည်းကွဲတယ်ဆိုတဲ့ ခံစားချက်က အချိန်ကာလတစ်ခုထိ ခံစားရတဲ့ နာကျင်မှုပဲ။ အဲ့ဒီအချိန်မှာ မင်းရဲ့သူငယ်ချင်းတွေ ပြောတာကို နားထဲ ဝင်ချင်မှလည်း ဝင်မယ်။ ကျွန်တော် ဒီမှာ အကောင်းဆုံး ဝေမျှနိုင်တာက ကိုယ့် ex နဲ့ ကိုယ်နဲ့ကြားမှာ အားလုံးပြီးသွားပြီ။ မျှော်လင့်ချက်မရှိတော့ဘူး ဆိုတာကို လက်ခံလိုက်ဖို့ပဲ။ မျှော်လင့်ချက်ရှိတယ်လို့ ယုံကြည်နေတာကိုက အကြီးဆုံးအမှားနဲ့ ကျွန်တော်တို့

ကိုယ်တိုင်ပဲ ခံစားရအောင် ဖန်တီးနေတာ။ ဒီလိုဖြစ်နေတာ သူ့ အပြစ်မဟုတ်ဘူး၊ ကျွန်တော်တို့ရဲ့ အပြစ်။

ကိုယ့် ex ဒါမှမဟုတ် ကိုယ့်ကို ငြင်းခဲ့တဲ့ crushလို လူမျိုးကို ကမ္ဘာပေါ်မှာ ရှာလို့ မတွေ့နိုင်ဘူးဆိုတဲ့ ခံစားချက်မျိုးကို လက်ခံတယ်။ ဘာလို့လဲဆိုတော့ လူတိုင်းက တစ်ယောက်နဲ့ တစ်ယောက် မတူဘူး။ ကမ္ဘာ ပေါ်မှာ လူဦးရေ ၇.၅ billion ရှိတယ်၊ မြန်မာနိုင်ငံမှာ ၅၃ သန်းရှိတယ်။ တကယ်လို့ သေချာကြည့်မယ်ဆိုရင် ကျွန်တော်တို့ဘဝနဲ့ သင့်တော်မယ့်လူ သူ့ထက် ကျွန်တော်တို့အပေါ် နားလည်နိုင်တဲ့လူ တစ်ယောက်ယောက်ရှိကို ရှိမှာပါ။

နောက်တစ်ခု သတိထားမိတာက ကျွန်တော်တို့ဘဝမှာ အောင်မြင်တာနဲ့ ကျရှုံးတာဆိုပြီး ၂ မျိုးမြင်ဖို့ ပတ်ဝန်းကျင်က သင်ပေးခြင်း ခံရတယ်။ အထူးသဖြင့် ယောကျာ်းလေးတွေ အတွက်တော့ အငြင်းခံရတာ/ထားခဲ့ ခံရတာက ကျရှုံးခြင်း တစ်မျိုးပဲ။ ကျွန်တော်ကိုယ်တိုင်လည်း အပါအဝင်ပဲ ဒီလို ခံစားရတာ။ ဒါပေမဲ့ ဒီလိုမတွေးဘဲ ကျွန်တော်တို့ ဘာတွေ ပြုပြင်သင့်လဲဆိုပြီး သင်ခန်းစာတစ်ခုအနေနဲ့ ယူမယ်ဆိုရင် လည်း ကျွန်တော်တို့ အပေါ်နားလည်မှုရှိတဲ့ ချစ်သူတစ်

ယောက်နဲ့ တစ်ချိန်ချိန်မှာ တွေ့ခဲ့ရင် အမှားအယွင်းတွေ မရှိတော့ဘူးပေါ့။

မေ့ပစ်နိုင်ဖို့ အချိန်တစ်ခုတော့ လိုတာကို ကျွန်တော်နားလည်တယ်။ ဒါပေမဲ့ လူတစ်ယောက်ကြောင့် မင်းရည်မှန်းချက် အိပ်မက်တွေ ပျက်စီးသွားဖို့ ကတော့ မတန်ဘူး။ အရက်သောက်ပြီး အသည်းကွဲတာကို ကုစားတာထက် ကော်ဖီသောက်အလုပ်တွေကို ပိုကြိုးစားလိုက်တာက တန်တယ်။ တကယ်လို့ တစ်နေ့မှာ အပြင်မှာ ပြန်တွေ့ခဲ့ရင်တောင် အရှုံးသမားတစ်ယောက် ဖြစ်တာထက် ယုံကြည်ချက် အပြည့်နဲ့ ပြုံးပြနိုင်တဲ့လူဖြစ်ဖို့လိုမယ်။

# ကျွန်တော် မိန်းကလေးတွေကို တဖြည်းဖြည်း စိတ်မဝင်စားတော့ဘူး

ခေါင်းစဉ်ကို ကြည့်ပြီးတော့ အထင်မမှားစေချင်ဘူး။ ကျွန်တော် မိန်းကလေးတွေကို စိတ်မဝင်စားတော့ဘူးဆိုတာ ယောကျ်ားလေးတွေကို ပြောင်း စိတ်ဝင်စားတာ မဟုတ်ဘူး။ မိန်းကလေးတွေကို တဖြည်းဖြည်း စိတ်မဝင်စားတော့ဘူး ဆိုတာက ကျွန်တော်ဖြတ်သန်းခဲ့ရတဲ့ bad experience (မကောင်းတဲ့ အတွေ့ကြုံ) တွေကြောင့်လည်း ဖြစ်မယ်ထင်တယ်။

အဲ့ဒါကြောင့် ကျွန်တော် Google ကြည့်မယ် ဆုံးဖြတ်လိုက်တယ်။ ပထမဆုံးအနေနဲ့ ဂျပန်နိုင်ငံမှာ လူငယ်တွေ RS အခြေအနေ ဘယ်လိုရှိမလဲ သိချင်လို့ relationship issue in Japan (ဂျပန်နိုင်ငံသားများတွင် တွေ့ကြုံရလေ့ရှိသော

Relationship ပြဿနာများ) လို့ Googleမှာ ရိုက်လိုက်တယ်။ ထွက်လာတဲ့ website (ဝက်ဘ်ဆိုဒ်) တွေထဲက တစ်ခုမှာ ရေးထားတာက အသက် ၁၈ နှစ်ကနေ ၃၄ နှစ်ကြားရှိတဲ့ ဂျပန်လူမျိုးတွေရဲ့ အမျိုးသား ၇၀% နဲ့ အမျိုးသမီး ၆၀% တို့က လက်တွဲဖော် မရှိကြဘူး။ အဲ့ဒီထဲကမှ ၃၀% သော အမျိုးသားတွေနဲ့ ၂၆% အမျိုးသမီးတွေက လက်တွဲဖော် မရှာကြဘူးလို့ ပြောထားတယ်။

အဲ့တော့ ကျွန်တော်ပြန်ပြီး သုံးသပ်မိတာက မိန်းကလေးတွေကို တဖြည်းဖြည်း စိတ်မဝင်စားတော့ဘူးဆိုတာ ကျွန်တော် တစ်ယောက်တည်း မဟုတ်ဘူးလို့ ယုံလာတယ်။ ပြောခဲ့သလိုပဲ ကျွန်တော့်မှာ dating ကိစ္စတွေမှာ bad experienceနဲ့ ကြုံဖူးတာများလာတော့ မြန်မာပြည်နဲ့ ယဉ်ကျေးမှုပုံစံ နည်းနည်းဆင်တဲ့ Singapore နိုင်ငံအကြောင်းကို Googleမှာ dating issue in Singapore (စင်ကာပူနိုင်ငံသားများတွင် တွေ့ကြုံရလေ့ရှိသော Relationship ပြဿနာများ) ဆိုပြီး ရှာကြည့်တယ်။ ထွက်လာတဲ့ website တွေထဲမှာ တစ်ခု ရေးထားတာက အမျိုးသားတွေအတွက် dating လုပ်တာမှာ စိန်ခေါ်မှု အချက် ၅ ချက်တဲ့။

နံပါတ် ၁ က မိန်းကလေးတွေက ကိုယ့်ကို Tinder လိုမျိုး application တွေမှာ ညာဘက်ကို ရွှေ့မှာ မဟုတ်ဘူးလို့ ပြောထားတယ်။ အင်းပေါ့ လူပေါင်းစုံ ရှိတာကို။

နံပါတ် ၂ က တကယ်လို့ ကိုယ့်ကို ကြိုက်တယ်ဆိုရင်တောင် မကြိုက်သလို ဟန်ဆောင်တယ်တဲ့။ ဒါကတော့ မြန်မာပြည်မှာဆိုရင် မှုတယ်ပေါ့။ မြန်မာပြည်မှာတော့ တချို့ဆိုရှိတယ် ချိန်းထားတယ် ဒါပေမဲ့ အဲ့ဒီနေ့ ရောက်မှ မလာဖြစ်တော့ဘူး ဘာညာပြောတယ်။ အမှန်က သူတို့ကို ချော့ခေါ်စေချင်တာမျိုးလည်း ဖြစ်တတ်တယ်။ သူတို့ ဈေးမကျအောင်ပေါ့။ ကျွန်တော်ကတော့ တကယ့်အရေးကြီးကိစ္စမျိုးတွေမရှိဘဲ အဲ့လိုမျိုး အပိုတွေ မှုတာဆိုရင်ပေါ့။ အဲ့လို အခြေအနေမျိုးကို ကတိဖျက်တယ်လို့ပဲ ထင်တယ်။

နံပါတ် ၃ အချက်က တချို့ မိန်းကလေးတွေက လက်တွေ့မကျတဲ့ မျှော်လင့်ချက်တွေ ရှိကြတယ်။ အရမ်းချမ်းသာရမယ်၊ ရုပ်ချောရမယ် စသည်ဖြင့်ပေါ့။ အဲ့ဒါက Singapore ရဲ့အဓိကပြဿနာလို့ Singapore ရဲ့ dating agency (ကြင်ဖက်ရှာပေးသော အင်ဂျင်စီ) တွေက ပြောတယ်။

နံပါတ် ၄ အချက်က မိန်းကလေးတွေက ယောကျ်ားလေး

တွေကို အောင်မြင်ချမ်းသာတဲ့လူ ဖြစ်စေချင်တယ် ပြီးတော့ သူတို့အတွက်လည်း အချိန်ပေးစေချင်တယ်။ ဒီသတင်းထဲမှာ ရေးထားတော့ Korean ဇာတ်လမ်းတွဲတွေကြောင့် လို့တော့ ရေးထားတယ်။ ကျွန်တော်တို့ဆီမှာလည်း တူတူနီးပါးပဲလို့ မြင်မိတယ်။

ဘာလို့လဲဆိုတော့ ကျွန်တော့်ကိုလည်း တချို့တွေ တော်တော်များများ လာမေးကြတယ်။ ကျွန်တော့်မှာ အဖြေမရှိဘူး။ ဘာလို့လဲဆိုတော့ ကျွန်တော် ကိုယ်တိုင်တောင် အဲ့ဒီလို ခံစားနေရတာ သူများတွေကို solutionပေးဖို့ အတွက် မဖြစ်နိုင်ဘူး။ အလုပ်မှာ အောင်မြင်ဖို့အတွက် အချိန်နဲ့ ကြိုးစားအားထုတ်မှု တော်တော်များများ စိုက်ထုတ်ရတယ်။ အဲ့ဒီအတွက် သူတို့ကို အချိန်ပေးနိုင်ဖို့ အားနည်းမယ်။ Rich Kid ဖြစ်ခဲ့ရင်တော့ တမျိုးပေါ့။

နံပါတ် ၅ အချက်က ကျွန်တော်တို့နဲ့တော့ မဆိုင်ဘူး။ သူတို့ဆီမှာ ယောကျ်ားလေးတွေ ၂ နှစ် စစ်မှုထမ်းရတယ်။ အဲ့ဒီ အချက်က မိန်းကလေးတွေက ရွယ်တူ ယောကျ်ားလေးတွေကို မကြိုက်ကြတော့ဘူး။ သူတို့ထက် အသက်ကြီးတဲ့သူတွေ စစ်မှုထမ်းပြီးသူတွေကိုပဲ ကြိုက်တော့တယ်။ တကယ်လို့

ကိုယ်က အလုပ်တွေ တအားကြိုးစားရင်တောင် နံပါတ် ၄ ပြဿနာနဲ့ ကြုံရဦးမှာပဲ။

အဲ့ဒီတော့ လောကမှာ အောင်မြင်နေရင် ဘေးမှာရှိပြီး ကိုယ်ကျရှုံးရင် ဘေးနားကနေ ပျောက်သွားသူတွေ များတတ်တဲ့ လောကကြီးမှာ အချစ်စစ်ဆိုတာ တကယ်ရှိသေးလားလို့ စဉ်းစားလာတယ်။ အဲ့ဒီမှာ သွားတွေ့မိတာက ဘဝကို အတူတူ ရုန်းကန်ပြီး နောက်ထပ် လူနေမှုဘဝကို ရောက်သွားခဲ့တဲ့ အကြောင်း postတွေကိုလည်း Facebook မှာ တွေ့ဖူးတာတွေ ရှိတယ်။

တကယ်တော့ ဒီအရာတွေ ကျွန်တော်တို့နားမှာ ရှိကောင်း ရှိနိုင်သေးတယ် ဒါပေမဲ့ ကျိန်းသေတာတော့ အရမ်း ရှားတယ်။ အထူးသဖြင့် ကိုယ်တိုင်ကြိုးစား နေရတဲ့ လူတွေရဲ့ ဘဝမှာဆို အရမ်းရှားတယ်။ ဒီခေတ်က Ready-made အဆင့်သင့်တွေကိုပဲ ကြိုက်ကြတာမလား။

## Relationship တစ်ခုမှာ ဘာအရေးကြီးဆုံးလဲ

ဒီအကြောင်းကို အချိန်၊ ငွေနဲ့ အသည်းကွဲတာတွေကို ရင်းထားခဲ့ရတာမို့ လွယ်လွယ်နဲ့ သိခဲ့ရတဲ့ အကြောင်းအရာတော့ မဟုတ်ပါဘူး။

တကယ်တော့အချစ်ဆိုတာ လူတွေ ဖန်တီးထားတဲ့ ပုံရိပ်ယောင်တစ်ခုပဲဗျ။ ဘာလို့လဲဆိုတာ ကျွန်တော်ပြောပြမယ်။

လူတစ်ယောက်ကို တခြားသူတစ်ယောက်က ချစ်လိုက်ပြီဆိုတာနဲ့ အဲ့လူကို ပိုင်ဆိုင်ချင်လာတယ်။ 'ပိုင်ဆိုင်လိုခြင်း' ရဲ့နောက်မှာ ပူလောင်မှုတွေ ဖြစ်လာတယ်။ ဒါက အတ္တတစ်ခုပဲ။ လူတစ်ယောက်ရဲ့ လွတ်လပ်ခွင့်ကို ထိန်းချုပ်ချင်တဲ့ အတ္တတစ်ခုကြောင့်ဖြစ်လာတဲ့စိတ်ကို လူတွေက စကားလုံးလှလှလေးရွေးပြီး သုံးလိုက်ကြတယ်။

အဲ့ဒါ 'အချစ်'

အချစ်စစ် အချစ်မှန်ဆိုတာ တကယ်တမ်းတော့ စိတ်လှုပ်ရှားနေတဲ့ အချိန်မှာပြောတဲ့ စကားတစ်ခုပဲ။ ဒါက လူတစ်ယောက်ရဲ့ အကောင်းတွေကိုပဲ မြင်ပြီး အမှောင်ဘက်အခြမ်းကို မမြင်တဲ့အချိန်မှာ ပြောလိုက်တဲ့စကားတစ်ခုပဲ။

ငွေကြောင့်၊ ပညာကြောင့်၊ မိဘ အသိုင်းအဝိုင်းကြောင့် အသည်းကွဲသွားကြတဲ့ လူတွေကပဲ အချစ်ဆိုတာ အခြေတူချင်းပေါင်းမှလည်း ပေါင်းစပ်နိုင်လိမ့်မယ် ဆိုတာ အတည်ပြုနိုင်လိမ့်မယ်။ တကယ်တော့ သူဌေးသမီးနဲ့ ခြံစောင့် ကောင်လေးကြိုက်တဲ့ဇာတ်လမ်းဆိုတာ ရုပ်ရှင်ထဲမှာပဲရှိတယ်။

အချစ်တွေ ခိုင်မြဲအောင် ဘယ်လိုလုပ်မလဲပေါ့၊ အဖြေကတော့ ရှင်းရှင်းလေးပါပဲ။ ကိုယ့်ကိုယ်ကိုယ် ကောင်းအောင်ကြိုးစားမယ်၊ ကိုယ့်ရဲ့ လက်တွဲဖော်ကိုလည်း ကောင်းအောင်ကြိုးစားခိုင်းမယ်။ ကိုယ်တိုင်ကလည်း အမြဲတမ်း ပိုပြီးကောင်း အောင်၊ ပိုပြီး တိုးတက်အောင် ကြိုးစားနေရမယ်။

တကယ်တော့ Relationship ဆိုတာ ပျော်ဖို့ကောင်းဖို့အတွက်ရော ဘဝရဲ့နောက်တစ်ဆင့် ပိုမြင့်တဲ့နေရာကိုရောက်ဖို့အတွက်ရော အရေးကြီးတဲ့ ကတိတစ်ခုလို့ ကျွန်တော်မှတ်ယူတယ်။

# (၆)

# သဘာဝပတ်ဝန်းကျင်ကို ဘယ်အချိန်ထိ မျက်နှာလွှဲနေဦးမှာလဲ

# နောင်လာမယ့် ၂၀၅၀


THE COUNTRIES
MOST AT RISK FROM
CLIMATE CHANGE
the eco experts
WORLD MAP
No data
RUSSIA




၂၀၃၀ လောက်အထိ အသက်ရှင်နိုင်သေးတဲ့ မျိုးဆက်တွေ အကုန်လုံး ရာသီဥတုပြောင်းလဲမှု အကြီးအကျယ်ကို မျက်မြင်တွေ့ရဖို့ ရှိတယ်။ New York Times မှာ ဖတ်လိုက်ရတဲ့စာမှာ သုသေတန စာတမ်းအသစ်တွေအရ ၂၀၅၀ မှာ မြို့ကြီးတော်တော်များများ ရေမြုပ်သွားမယ်လို့ ရေးထားတယ်။ အဲ့ဒီတော့ နောက် ၁၀ နှစ် အကြာ ၂၀၃၀ လောက်ဆို ခပ်ကြမ်းကြမ်းတွေ စဖြစ်လောက်ပြီ ယူဆလို့ ရတယ်။ တချို့နေရာတွေဆိုလည်း အဲ့ဒီလောက် ကတည်းက တခြားသော သဘာဝဘေးတွေကြောင့် အခြေအနေကောင်းမှာ မဟုတ်လောက်တော့ဘူး။

အဲ့ဒီတော့ မျှော်မှန်းထားတာတွေထက် ဒီလို သဘာဝ ကပ်ဘေးတွေ စောစောဖြစ်ခဲ့ရင် လုံခြုံတဲ့ နိုင်ငံတွေက ဘယ် နိုင်ငံတွေလဲ ရှာကြည့်တော့ Business Insiderမှာ ရေးထားတဲ့ စာတစ်ပုဒ်ကို သွားတွေ့တယ်။

ရာသီဥတု ပြောင်းလဲမှုဒဏ်ကို အနည်းဆုံး ခံရနိုင်တဲ့ နိုင်ငံစာရင်းကို University of Notre Dame မှ အချက်အလက် ထုတ်ပြန်ထားတာ။ အစိမ်း ရောင်နိုင်ငံတွေက သဘာဝဘေး အန္တရာယ်ခံရမှုနှုန်း အသက်သာဆုံး အခြေအနေမှာ ရှိမယ်။ အနီတွေကတော့ အဆိုးဆုံးပေါ့။

ဝမ်းနည်းဖို့ ကောင်းတာက ကျွန်တော်တို့ အရှေ့တောင် အာရှနိုင်ငံ တွေကတော့ အနေးနဲ့အမြန်သွားမှာပဲ။ မြန်မာပြည် ကတော့ လောလောဆယ် အနေအထားအရဆိုရင် အဲဒီယံထဲမှာ အန္တရာယ်အများဆုံးနဲ့ တစ်ခုခုဆို အရင်ဆုံး ဖြစ်ဖို့ များတယ်။

တကယ်လို့ ဒီလိုသာ မြေမျက်နှာသွင်ပြောင်းလဲမှုနဲ့ အစုလိုက် လူထု ပြောင်းရွှေ့အခြေချမှုဖြစ်ခဲ့ရင် မင်းရော ဘာ လုပ်မှာလဲမေးရင် ကိုယ်တွေလည်း အသက်ရှင်ရပ်တည်ဖို့အတွက် ပြောင်းရွှေ့အခြေချသင့်ရင် အခြေချမှာပါပဲ။ ရှင်သန်ရပ်တည်

နှစ်နဲ့ချီပြီး အချိန်အများကြီး ပေးရမှာလား၊ ဒါမှမဟုတ် ကာလတို ဖြစ်တဲ့ ၆ လလား၊ ရက်ပိုင်းလောက် တက်ရမယ့် Digital Conference တွေ Workshop တွေ တက်ရမှာ လားပေါ့။ အဲ့တာကို အရင်ပိုင်းခြားဖို့ လိုတယ်။ ဘာလို့လဲ ဆိုတော့ တစ်ခုနဲ့တစ်ခုက လိုအပ်ချက် မတူဘူး။ ရက်ပိုင်း လေးသွားရတာက သိပ်တော့မလိုဘူး။ ကာလရှည်တက်ရမှာ တွေကတော့ ၁ နှစ်လောက် ပြင်ဆင်ဖို့လိုတယ်။ ၆လလောက် တက်ရမှာမျိုးတွေက ၁နှစ်လောက်တော့ မဟုတ်ပေမယ့် အတိုင်းအတာ တစ်ခုအနေနဲ့ ပြင်ဆင်ထားဖို့လိုတယ်။

နောက်တစ်ခုက Research လုပ် (ကိုယ်တိုင်ရှာဖွေ လေ့လာ) ရမယ်။ Essay ဆိုရင်လည်း Research လုပ်ရပါမယ်။ အဲ့တာမှ သေချာနားလည် သဘောပေါက်ပြီး အချက်အလက် တချို့ကို မှီငြမ်းနိုင်မယ်။ ပြီးရင်တိကျတဲ့ အချက်အလက် ကိန်းဂဏန်းတွေကို ထည့်ရေးတာကလည်း ပညာတော်သင်ဆု အတွက် အဆုံးအဖြတ်ပေးမယ့်သူတွေက သဘောကျတတ်ကြ တာကိုလည်း မှတ်သားဖူးတာရှိပါတယ်။

အကျဉ်းချုပ်ပြောရရင် ဟိုဟာလုပ်ရမလို၊ ဒီဟာလုပ်ရ မလိုနဲ့ လုပ်နေမယ့်အစား သွားချင်တဲ့ ဦးတည်ချက်တစ်ခုကို

တိတိတကျကျ ရွေးစေချင်တယ်။ ကာလတိုလား ကာလရှည်လား၊ ဘယ်နိုင်ငံသွားမှာလဲဆိုတာ ဆုံးဖြတ်ပြီးရင် အဲ့ပညာတော်သင်ဆုအတွက်ပဲ သေချာ အာရုံစိုက်မယ်ဆိုရင် ရဖို့များပါတယ်။

## Project Win အမေးအဖြေ - ၃

အမေး - ကျွန်တော့်အသက် ၁၈ နှစ်ပါ ဆရာ။ ၁၉ နှစ်ထဲ ဝင်နေပါပြီ။ မန္တလေးတက္ကသိုလ် သတ္တဗေဒ ဒုတိယနှစ် Day ကျောင်းသားတစ်ယောက်ပါ။ အခုဆရာ့ဆီက အကြံတောင်း ချင်လို့ပါ။

ကျွန်တော်အခက်ခဲ ဖြစ်နေတာက အိမ်စီးပွားရေးအခြေ အနေပါဆရာ။ အိမ်မှာအဖေရယ် ကျွန်တော်ရယ် ကျွန်တော့် အောက်က ညီမလေးတစ်ယောက် ရှိပါတယ်။ အမေကတော့ ဆုံးသွားတာ ၄ နှစ်လောက် ရှိပါပြီ။ အခု အဖေ့လုပ်ငန်းက အဆင်မပြေတော့ အိမ်ကဝင်ငွေ မရှိဘူး ဖြစ်နေပါတယ်။ ညီမလေးကလည်း ၁၀ တန်းကျောင်းသူဖြစ်နေတော့ ကျောင်း စရိတ်အတွက် ဦးလေးဆီမှာ ၁၀ သိန်းလောက်အတိုးနဲ့ အကြွေးတင်နေတာလည်း ရှိပါတယ်။

အခု အိမ်စီးပွားရေးအခြေအနေက ဝင်ငွေမရှိဖြစ်နေတော့ ကျွန်တော် စဉ်းစားတာက ကျောင်းနားလိုက်ပြီး အလုပ်လုပ်မလား ကျောင်းနားရင်တော့ ၃ နှစ်အတွင်း ကျောင်းကို အကြောင်းပြန် ပေးရပါတယ်။ ၃ နှစ်ကျော် သွားရင်တော့ ကျောင်းက cancel လုပ်ပါတယ်။ အဲဒါကြောင့် တစ်နှစ်လောက် နားပြီး အလုပ်လုပ်မလား ကျွန်တော် စဉ်းစားပါတယ်။ နောက်တစ်ခုက အဝေးသင်ပြောင်းတာပါ။ အဝေးသင်ပြောင်းလိုက်ရင် ကျွန်တော်က သိပ္ပံတွဲ ယူထားတော့ မေဂျာပြောင်းရင် ပထမနှစ်က ပြန်တက်ရမှာမို့ ဘွဲ့တစ်ခုရဖို့ အချိန်ကြာသွားမလားလို့ပါ ဆရာ။

အခု ကျောင်းတက်ရတဲ့အခြေအနေက အိမ်က ကျွန်တော် ပိုက်ဆံ မတောင်းဘူးဆရာ။ ကျွန်တော် delivery ပို့ရင်းရတဲ့ပိုက်ဆံနဲ့ တက်နေပါတယ်။ ကျောင်းတက်ရတာလည်း ပျော်ပါတယ်ဆရာ။ University life ကို အခက်အခဲကြားကနေ တက်ရလည်း ကျွန်တော် သံယောဇဉ်ဖြစ်နေမိပါတယ်။ ကျွန်တော်က ဘောလုံးဝါသနာပါတော့ ကျောင်းဘောလုံးပွဲတွေလည်း ကန်ချင်နေပါသေးတယ်။ အဲ့တွေကြောင့် ကျွန်တော်အဝေးသင် ပြောင်းလိုက်ရမှာလည်း မဝံ့မရဲဖြစ်နေမိပါတယ်။

**အဖေကလည်း ဆုံးဖြတ်ရ ခက်နေတဲ့အခြေနေပါ။ အဲ့ဒါကြောင့် အခု ကျွန်တော် ပြောပြတာလေးကို ကျွန်တော့် စိတ်ထဲ မတင်မကျဖြစ်နေတဲ့အတွက် ဆရာ့ဆီက အကြံဉာဏ်လေး လိုချင်ပါတယ်ဆရာ။**

**ဆရာ့videosတွေလည်း အမြဲကြည့်ပါတယ် အားပေးနေပါတယ်ဆရာ။**

အဖြေ - အခြေအနေကို ကျွန်တော် နားလည်ပါတယ်။ ကြားရတာ စိတ်မ ကောင်းဖြစ်ပါတယ်။ ကျွန်တော်လည်း delivery ပို့ဖူးတဲ့ လူတစ်ယောက်ပါ။ တစ်ခါတလေ ဘဝဆိုတာ အခက်အခဲတွေ နည်းနည်းလေးရှိမှ အောင်မြင်မှု ဆိုတာကို ရမှာမဟုတ်လား? ကျွန်တော် အကြံပြုတာကတော့ တစ်ခုခုလိုချင်ရင် တစ်ခုခုကို စွန့်လွှတ်ဖို့ပါ။ ဒါက အမှန်တရားပါပဲ။ ကျွန်တော် ဒီလို အခြေအနေ ထိရောက်အောင် အပျော်အပါးတွေ တော်တော်များများ လျှော့ခဲ့ရတယ်။ အလုပ်ကို ပိုကြိုးစားခဲ့ရတယ်။ ကျွန်တော်လည်း လူငယ်တစ်ယောက်ပဲဆိုတော့ ပျော်ချင်တာပေါ့။ ဒီလိုပဲ ညီလည်း ပျော်ချင်မယ် သေချာတယ်။

အဲဒီတော့ ကျွန်တော်သာ ဒီလို အခြေအနေမှာဆိုရင် Distanceပြောင်းမယ်၊ ဘွဲ့ရဖို့ နောက်ထပ်အချိန် ၄ နှစ်တော့

ဖြစ်သွားနိုင်တယ်။ ဒါပေမဲ့ ပြန်တွက်ရင် ၄ × ၁၂ လ = ၄၈ လ အလုပ်လုပ်ဖို့ အချိန်ပိုထွက်လာမယ်။ အဲ့ဒီအချိန် ၄၈ လ မှာ ၂ နှစ်လောက်ကိုပဲ အာရုံစိုက်ပြီး နယ်ပယ်တစ်ခုခု (Marketing or Sales or တစ်ခုခု ) ဇောက်ချပြီး လုပ်မယ်ဆိုရင် ဘွဲ့ရတဲ့အခါမှာ အလုပ်အတွေ့ကြုံကောင်းတစ်ခုနဲ့ လုပ်ငန်းခွင်ဈေးကွက်ထဲမှာ ခေါင်းတစ်လုံး အသာရနိုင်မှာပါ။ အလုပ်တစ်ခုတည်းကို အာရုံစိုက်ဖို့ အကြံပြုတယ်၊ ကျောင်းစာလည်း မလွတ်စေနဲ့ပေါ့။

**အမေး - ကိုယ့်ကိုယ်ကို အသုံးမကျသလို ခံစားရတယ်။ ရည်မှန်းချက် ပျောက်နေသလိုပေါ့။ ပထမဆုံး ညီမက အခုက အသက် ၁၇ ပါ။ ညီမက ၁၀တန်းတုန်းကလည်း စာမကြိုးစားခဲ့ပါဘူး။ ဒါကြောင့် ညီမက အောင်မှတ်နဲ့ ပဲအောင်ခဲ့တယ်။ ညီမ မိသားစုက ညီမကို အရမ်းအပြစ်တင်ခဲ့တယ်။ အခုထက်ထိပေါ့။ ညီမသူငယ်ချင်းက LCCIတက်ဖို့ ပြောတော့ ညီမ တက်ခဲ့တယ် ညီမစာမေးပွဲမှာ တစ်ဘာသာပဲ အောင်ခဲ့တယ် ညီမကို အိမ်က အသုံးမကျဘူးလို့ ပြောခဲ့တယ်။**

**ညီမ လက်ခံပါတယ်။ ညီမ မကြိုးစားခဲ့ဘူး ဆိုတာပေါ့။**

ညီမရဲ့ နေ့စဉ်ဘဝက ဒီလိုပဲ အချိန်ကုန်မိနေတယ်။ ဘဝက ရည်မှန်းချက်မရှိသလို ဘယ်အရာကို လုပ်ရမလဲ ဆိုတာလဲ သေချာမသိဘူး။

ဘယ်အရာကို ဝါသနာပါသလဲ ကိုယ်က ဘယ်အရာမှာ ထူးချွန်တဲ့ လူလဲဆိုတာ တောင်မသိတော့ဘူး။

ညီမကို အကြံဉာဏ်ကောင်းလေး ပေးပေးပါ။ သူများတွေလို အပြင်ကျောင်းကောင်းကောင်း တက်ချင်ခဲ့ပေမဲ့ အိမ်က အဲ့လောက် မတတ်နိုင်ခဲ့ဘူး။ ညီမနဲ့ ညီမသူငယ်ချင်းနဲ့က ၁၀ တန်းမှာ အမှတ်တူတူနဲ့အောင်ပေမဲ့ သူက အိမ်က ပိုက်ဆံရှိအသိုင်းအဝိုင်းက ဆိုတော့ သူကတော့ အပြင်ကျောင်းကောင်းကောင်းတက်ခဲ့တဲ့အပြင် ကောင်းမွန်တဲ့အခြေအနေ၊ ကြိုက်တဲ့အရာကို လုပ်နိုင်တယ်။

ညီမ ကျတော့ အခုအခြေအနေက ကိုယ့်ကိုယ်ကိုယ်တောင် ဘာမှ မလုပ်မနိုင်တော့တဲ့ လူတစ်ယောက်ယောက်လို ခံစားနေရတယ်။ ၁၀ တန်း အောင်လာတာတောင် အပြစ်တစ်ခုလို ခံစားနေရတယ်။

အကြံကောင်းလေး ပေးပေးပါ အစ်ကို။ ဘာဆက်လုပ်သင့်လဲ ဆိုတာကိုပေါ့။

အစ်ကို့ကိုလေးစားပါတယ်။ ပုံမှန်လူတစ်ယောက်က နေ ဒီအခြေအနေအထိ ရောက်အောင်လုပ်နိုင်လို့ပါ။ ညီမက အဝေးသင် ပထမနှစ် စိတ်ပညာကပါ။

**အဖြေ** – ၁၀ တန်းသာ ဘ၀ဆိုရင် ကျွန်တော်တော့ သွားပြီ။ ကျွန်တော်ဆို ၁၀ တန်းကို ဘာသာစုံ အောင်မှတ်နဲ့ပဲ အောင်တာ။ လက်ထဲမှာ ဖုန်းရှိတယ်မလား? အခု Facebook သုံးလို့ ရနေတယ်လေ။ အဲ့ဒါ ဗဟုသုတ စာကြည့်တိုက်ကြီးပဲဗျ။ လေ့လာချင်တာ ရှာချင်တာ အကုန်ရှိတယ်။ ကိုယ့်ရဲ့ လက်တစ်ကမ်းအကွာမှာတင် ဗဟုသုတတွေကို လေ့လာလို့ရပြီ။ မေးစရာရှိတာက ဘာကို လုပ်ချင်တာလဲ ဘာကို လေ့လာလိုတာလဲ? အဲ့ဒီ လေ့လာချင်တာကို တွေ့ပြီဆိုရင် အချိန်ဆွဲမနေဘဲ www.google.com မှာ စရှာလိုက်တော့။ စာနဲ့ မရှာချင်ဘူးလား Videoနဲ့ဆို www.youtube.com ရှိပါတယ်။

**အမေး – ဆယ်တန်းအောင်ပြီး၊ ဘွဲ့ယူပြီးခဲ့ပြီးပြီပဲ ထားဗျာ ဘွဲ့ရသွားပြီးပေါ့။**

အဲ့အချိန်မှာ ဘာအလုပ်ကို ဘယ်လို စလုပ်သင့်လဲ? ကိုယ် စိတ်ဝင်စားတာကိုပဲ အပတ်တကုတ် လုပ်ရမှာလား?

**မိသားစု စားဝတ်နေရေးကို ကြည့်ရမှာလား? လမ်းတွေ ပျောက်တယ်။**

အဖြေ - ဘယ်အလုပ်စလုပ်သင့်လဲဆိုတာ စကားတစ်ခွန်းတည်းနဲ့ ကျွန်တော် ဖြေလို့ မရပါဘူး။ ကိုယ့်အားသာချက် ဘာရှိလဲ၊ ကိုယ့် အားနည်းချက်ဘာရှိလဲ၊ ကိုယ် ဘာဝါသနာပါလဲ၊ အိမ်ကိုလုံးဝ ပြန်ထောက်ပံ့ရမှာလား တစ်ချက် ချင့်ချိန်ကြည့်ပါ။ ပြီးတော့ ပထမဆုံးအလုပ်ကို ပိုက်ဆံထက် အတွေ့ကြုံကောင်းရဖို့ ဦးစားပေးပါ။ လမ်းတွေပျောက်နေတာ မဟုတ်ပါဘူး၊ ဘာလုပ်ရမလဲ လမ်းတွေများနေလို့ ပျောက်သယောင်ဖြစ်နေတာပါ။ သေသေချာချာ ကိုယ်ဖြစ်ချင်တာကို ချင့်ချိန်တွေးရင်း လမ်းကြောင်းမှန်ကို အမြန်ဆုံးတွေ့ပါစေလို့ ဆုမွန်ကောင်း တောင်းလိုက်ပါတယ်။

# (၄)
# ငွေရေးကြေးရေးအတွက် ဒီနည်းလမ်းလေးတွေရှိမယ်

ဖြစ်ပါတယ်။ Kodak ကင်မရာတွေဟာ ဖလင်နဲ့ရိုက်တဲ့ ခေတ်မှာ နာမည်ကြီး ကင်မရာအမျိုးအစား ဖြစ်ခဲ့ပေမယ့် ဒစ်ဂျစ်တယ်ကင်မရာ ခေတ်ပြောင်းမှာ လိုက်မပြောင်းခဲ့လို့ တခြား ပြိုင်ဘက်တွေရဲ့နောက်မှာ ကျန်ခဲ့ရပါတယ်။ ဒါနဲ့ ဆက်စပ်ပြီး ကျွန်တော် စဉ်းစားမိတာက အင်တာနက်က ကျွန်တော့်တို့ မျိုးဆက်သစ်တွေအတွက် နောက်ဆုံးပေါ် နည်းပညာတစ်ခုပဲဗျ။ ဒီနည်းပညာက အလုပ်အကိုင်အသစ်တွေကို ဖန်တီးပေးသလို ခေတ်နဲ့မညီတဲ့ အကြောင်းတွေကိုလည်း ရှင်းလိုက်တယ်။

ဥပမာ ၂၀၁၃ ခုနှစ်မတိုင်ခင်တုန်းက မြန်မာပြည်မှာ မိုဘိုင်းဖုန်းသုံးတဲ့လူက နိုင်ငံ့လူဦးရေရဲ့ ၁% တောင် မရှိခဲ့ပေမယ့် Ooredoo, Telenor လို ကုမ္ပဏီကြီးတွေ ဝင်လာပြီး SIM Card ဈေးတွေက ၁,၅၀၀ ကျပ်အထိ ရှိလာတာကြောင့် လူတိုင်းနီးပါး ဖုန်းကိုင်လာနိုင်ခဲ့ပါတယ်။

ဒါပေမဲ့ တခြားတဖက်မှာတော့ လမ်းဘေးဖုန်းဆိုင်တွေ ပျောက်သွားခဲ့ပါတယ်။ အဲ့ဒီလို ပျောက်သွားလို့ လမ်းဘေးဖုန်းဆိုင်မှာ လုပ်နေတဲ့လူတွေ အလုပ်ပြုတ်သွားတယ်၊ ဒါမှမဟုတ်လည်း ဖုန်းဆိုင်ဖွင့်ထားတဲ့လူတွေ အပိုဝင်ငွေ လျော့သွားတယ်။

နောက်ထပ်တစ်ခုအနေနဲ့ မြန်မာပြည်မှာ Facebook

# လူကြီးမိဘတွေကို နည်းပညာနဲ့ ပတ်သက်ပြီး ကူညီဖူးလား

'ဟာ အမေတို့ကလည်း ရှုပ်လိုက်တာ ဒါလေးတောင် မလုပ်တတ်ဘူးလား' ဆိုပြီး သူတို့ သုံးတဲ့ဖုန်း error တစ်ခုခု ဖြစ်လို့ ကျွန်တော်တို့ဆီကို အကူအညီတောင်းတဲ့ အခါ အဲ့ဒီ လိုမျိုး ပြောဖူးလား။ သူတို့ အခက်အခဲဖြစ်တဲ့ အကြောင်းအရာကို ကြည့်ရင် ကျွန်တော်တို့အတွက်တော့ အရမ်းလွယ်နေတဲ့အရာ တွေပါ။

နည်းပညာစကားအရ ပြောရမယ်ဆိုရင် ကျွန်တော်တို့ မိဘတွေအရွယ်က Technology Adoption Life Cycle (နည်းပညာ အသုံးချလိုက်နာမှု အပိုင်းအခြား) မှာ နောက်ဆုံး

ထွန်းကားလာတော့ အကောင်းဘက်အနေနဲ့ဆိုရင် သတင်းတွေကို အချိန်နဲ့တပြေးညီ သိလာနိုင်ကြတယ်။ တခြားတဖက်မှာတော့ နည်းပညာရဲ့ အမြန်နှုန်းကို မလိုက်နိုင်တဲ့ အပတ်စဉ်ဂျာနယ်တွေနဲ့ နေ့စဉ်ထုတ် သတင်းစာတချို့ လုပ်ငန်းပိတ်လိုက်ရတယ်။ နောက်ထပ်လည်း နည်းပညာဂရက်ကြောင့် လုပ်ငန်းသစ်တွေ ပေါ်လာမယ်၊ သမာရိုးကျလုပ်တဲ့လုပ်ငန်းတွေ ဆက်ပြီး ပျောက်သွားဦးမယ်။

အဲ့ဒါကြောင့် ဒီနေ့ခေတ်မှာ နည်းပညာ အပြောင်းအလဲကို အမှီ လိုက်နိုင်ဖို့ အရေးကြီးပါတယ်။ တကယ်လို့များ ဒီ Video ကို ကြည့်နေတဲ့ လူက နည်းပညာ အပြောင်းအလဲကို လက်မခံနိုင်တဲ့သူဌေး၊ လုပ်ငန်းရှင်တစ်ယောက် ယောက်ဆီမှာ အလုပ်လုပ်နေရင် နည်းပညာကို လက်ခံတဲ့လုပ်ငန်းမှာ အလုပ်ရဖို့ စပြီး အလုပ်ရှာဖို့ တိုက်တွန်းပါတယ်။

"ငါ ငယ်ငယ်တုန်းက ဒီလိုလုပ်နေတာ၊ ငါ ပိုသိတယ်၊ ဒီလိုပဲလုပ်၊ အတွန့်မတက်နဲ့" ဆိုပြီး ပြောတဲ့ လုပ်ငန်းရှင်တွေ ကျန်ခဲ့တော့မယ့်ခေတ်ကို ရောက်နေပါပြီ။ နည်းပညာအပြောင်းအလဲတွေက အရမ်းမြန်ပါတယ်။

ကျွန်တော့်ရဲ့ စာဖတ်သူရော ဒီ နည်းပညာ အပြောင်းအလဲတွေကို လိုက်ဖို့ အဆင်သင့်ဖြစ်ပြီလား?

အဆင့် (Lagging)ကို ရောက်နေတဲ့ အခြေအနေမှာ ရှိနေပါတယ်။ သူတို့မှာ ဒီနေ့ခေတ် နည်းပညာတွေကို လက်လှမ်းမှီဖို့ ခက်လို့ သူတို့ကို ဒါလေးတောင် နားမလည်ဘူး သွားပြောတာ မတရားဘူးလို့ ကျွန်တော် မြင်မိတယ်။

တကယ်လို့များ ကျွန်တော်တို့လည်း ၂၀၄၀ လောက်ရောက်ရင် အဲ့ဒီခေတ် နည်းပညာတွေရဲ့ အပြောင်းအလဲကို အခုလို ဖုန်းလွယ်လွယ် သုံးသလောက် လိုက်မီနိုင်ချင်မှ မီတော့မှာ။

ကျွန်တော်ကတော့ ကိုယ့်ရဲ့ လူကြီးမိဘတွေ စိတ်ချမ်းသာအောင် နည်းပညာနဲ့ ကူညီရတာကိုလည်း ကုသိုလ်ရတယ်လို့ မြင်ပါတယ်။

# Project Win အမေးအဖြေ - ၅

**အမေး -ဘာသာစကားတစ်ခု တတ်မြောက်ဖို့ ဘာတွေလိုအပ်ပါသလဲ?**

ညီမအခု ကိုရီးယားဘာသာစကား သင်နေတာပါ ဆရာမက သင်တာ မြန်တော့ နည်းနည်း အခက်တွေ့နေပါတယ်။ အဲ့တာ ဘယ်လိုကြိုးစားပြီး တတ်မြောက်အောင်သင်ရမလဲ ဆိုတာ ပြောပေးပါဦးနော် အစ်ကို။

**အဖြေ** - လေ့လာလို စိတ်ရှိတာ ဝမ်းသာပါတယ်။ ကိုရီးယားစာပဲ လေ့လာတာ ဖြစ်ဖြစ်၊ ကွန်ပြူတာပဲ လေ့လာတာ ဖြစ်ဖြစ်၊ self-study (ကိုယ်တိုင်လေ့လာမှု) ပြုလုပ်ဖို့လည်း အရေးကြီးပါတယ်။ သင်ခန်းစာတွေကို သင်တန်းမှာ မထားခဲ့ပါနဲ့။ လေ့လာပါ။ ကိုယ်လေ့လာနေတဲ့အကြောင်းကို mobile

appဖြစ်ဖြစ် ရှာပြီး ဖုန်းထဲ ထည့်ထားပါ။ ကားပေါ်မှာ ထိုင်နေရမယ့် အတူတူ လေ့လာလို့ ရပါတယ်။ လေ့လာပြီး နောက်တစ်ဆင့်အနေနဲ့ ပြန်ပြီးအသုံးချပါ။ ဝါသနာတူ သူငယ်ချင်းတွေနဲ့ လေ့ကျင့်တာတို့ စသည်ဖြင့်ပေါ့။

# A 21ST CENTURY
# BURMESE GUY

ဒီ စာအုပ်က ဖတ်ရင် အချိန်အားဖြင့်
မိနစ် ၉၀ လောက်ပဲ ကြာနိုင်ပါတယ်။
ဒါပေမယ့် . . . ၂၁ ရာစုမှာ
လှုပ်ရှားရုန်းကန်ပြီး အောင်မြင်မှု
အိမ်မက်တွေ နောက်လိုက်ဖို့ ကြိုးစားနေတဲ့
မင်းရဲ့ ဘဝတစ်ကွေ့ကွေ့ အတွက်
အပြောင်းအလဲ တစ်ခု ဖြစ်နိုင်ပါတယ်။

WKKA -
9 731717 001233